# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၂၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
## (၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထဖုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၇၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၆-၅-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူ့လွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား တိုင်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) စဥ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၅ ရက်၊

(၂) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၅ ရက်၊

(၃) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၄) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၅ ရက်၊

(၅) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၅ ရက်၊

(၆) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၅ ရက်၊

(၇) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်၊

(၈) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၅ ရက်၊

(၉) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၁၀) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊

(၁၁) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၁၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၅ ရက်၊

(၁၃) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)တင်နုအောင် ခွင့် ၁ ရက်၊

(၁၄) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)မြင့်ဆွေ ခွင့် ၁၂ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်စိုးမြင့် ခွင့် ၁ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး ခွင့် ၁ ရက်၊

(၁၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထိန်ဦး ခွင့် ၁ ရက်၊

(၁၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ခွင့် ၁ ရက်၊

(၁၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး ခွင့် ၁ ရက်၊

(၂၀) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၂၁) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၂၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်နှင့်

(၂၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၃၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်၊ မန်ပုံကျေးရွာ အုပ်စုအတွင်းရှိ နောင်ယကျေးရွာအနီးတွင် ငွေရည်ပုလဲ ကုမ္ပဏီလီမိတက်မှ ကျောက်မီးသွေးများ တူးဖော်လျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျောက်မီးသွေး၊ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ပြု ပေးခဲ့ပါသလား၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ပြုပေးသည်ဆိုပါက သက်ဆိုင်ရာ ကျေးရွာပြည်သူလူထု၊ တောင်သူများနှင့် မည်ကဲ့သို့ သဘောတူညီချက်ရယူထားပါသနည်း၊ သက်ဆိုင်ရာ ဒေသခံတောင်သူများက ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ လုပ်ကိုင်လျက်ရှိသော ကျောက်မီးသွေးတူးဖော်နေခြင်းအား ချက်ချင်းရပ်ဆိုင်းပေးပါရန်နှင့် ဒေသတွင်းသဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးခြင်းအတွက် ထိုက်သင့်သော လျော်ကြေးများ ပြန်လည်ပေးအပ်ရန် တင်ပြတိုင်ကြားစာနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာမှ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် စိုင်းသီဟကျော်(ခ)စိုင်းဟပ် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းရယ်မြို့နယ်၊ ခိုဆိုင်းကျေးရွာအုပ်စုအတွင်းရှိ နောင်ယ၊ နောင်ပု၊ ဖာတန်ကျေးရွာများမှ ရွာသူ/ရွာသားများက နောင်ယကျေးရွာအနီးမှာ ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ ကျောက်မီးသွေး တူးဖော်နေခြင်းနှင့်စပ်လျဉ်းပြီး ဒေသတွင်းကျေးရွာသူ/ရွာသားများက ထိန်းသိမ်းထားရှိတဲ့ သစ်တော များပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်နေခြင်း၊ ကျေးရွာပိုင် ထင်းတောများကို ခုတ်ယူခွင့်တားမြစ်ခံနေရခြင်း စတဲ့လူမှုဒုက္ခများ ကြုံတွေ့နေရကြောင်း၊ မိုးရာသီကာလမှာ စွန့်ပစ်မြေစာများ မိုးရေနှင့်အတူ လျှိုမြောင်ချောင်းမြောင်းတို့နှင့် စီးဝင်ပြီး ချောင်းပိတ်၊ မြောင်းပိတ်ဖြစ်ပေါ်စေနိုင်ခြင်း၊ ကျောက်မီးသွေး မှထွက်ရှိတဲ့ ဓာတုဓာတ်များ လယ်ယာမြေအတွင်းသို့ စီးဝင်ခြင်းနှင့် စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီး စေနိုင်ခြင်းစသည့် စိုးရိမ်မှုများ ဖြစ်ပေါ်ပါကြောင်း၊ သို့ဖြစ်တဲ့အတွက် နောင်ယကျေးရွာအနီးမှာ ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ လုပ်ကိုင်လျက်ရှိတဲ့ ကျောက်မီးသွေး တူးဖော်ခြင်းလုပ်ငန်းအား ချက်ချင်းရပ်ဆိုင်းပေးပါရန်နှင့် ကျေးရွာမှ ထိန်းသိမ်းထားရှိတဲ့ သစ်တောများ ထိခိုက်ဆုံးရှုံးသွားခြင်း၊ စွန့်ပစ်မြေစာများကြောင့် ချောင်း၊ မြောင်း၊ လယ်ယာများ ပျက်စီးစေပါသဖြင့် ထိုက်သင့်တဲ့ လျော်ကြေး များပြန်လည်ပေးအပ်၍ ကျောက်မီးသွေးတူးဖော်နေခြင်းအား ရပ်ဆိုင်းပေးပါရန် ၁၅-၂-၂၀၁၆

ရက်စွဲပါစာဖြင့် ဒေသခံကျေးရွာမှတောင်သူ ၇၈ ဦးတို့က လက်မှတ်ရေးထိုးပြီး ဓာတ်ပုံမှတ်တမ်းများနှင့်အတူ လွှတ်တော်တွင် တင်ပြဖြေရှင်းဆောင်ရွက်ပေးပါရန် ထပ်မံတင်ပြလာပါတယ်ခင်ဗျား။

သို့ဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာကနေပြီးတော့ ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းလိုတာကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ် ခိုဆိုင်းကျေးရွာအုပ်စု နောင်ယကျေးရွာအနီးမှာ ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ ကျောက်မီးသွေးများ တူးဖော်လျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခွင့်ပြုပေးနိုင်ပါသလား၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ပြုပေးသည်ဆိုပါက သက်ဆိုင်ရာ ကျေးရွာပြည်သူလူထု တောင်သူများနှင့် မည်ကဲ့သို့ သဘောတူညီချက်ရယူထားပါသနည်း၊ သက်ဆိုင်ရာ ဒေသခံတောင်သူများက ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ လုပ်ကိုင်လျက်ရှိတဲ့ နောင်ယကျေးရွာအနီး ကျောက်မီးသွေးတူးဖော်နေခြင်းအား ချက်ချင်းရပ်ဆိုင်းပေးပါရန်နှင့် ဒေသတွင်းသဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးခြင်းအတွက် ထိုက်သင့်သောလျော်ကြေးများ ပြန်လည်ပေးအပ်ပါရန် တင်ပြတိုင်ကြားစာနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာမှ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်၊ ခိုဆိုင်းကျေးရွာအုပ်စုအတွင်းရှိ နောင်ယကျေးရွာအနီးမှာ ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ ကျောက်မီးသွေးများတူးဖော်လျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျောက်မီးသွေး သတ္တုတူးဖော်ထုတ်လုပ်ခြင်း ခွင့်ပြုပါသလား၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ္တုတူးဖော်ထုတ်လုပ်ပေးသည်ဆိုပါက သက်ဆိုင်ရာ

ကျေးရွာပြည်သူလူထု၊ တောင်သူများနှင့် မည်ကဲ့သို့ သဘောတူညီချက်ရယူထားပါသနည်း၊ သက်ဆိုင်ရာ ဒေသခံတောင်သူများက ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ လုပ်ကိုင်လျက်ရှိသော ကျောက်မီးသွေးတူးဖော်ခြင်းအား ချက်ချင်းရပ်ဆိုင်းပေးပါရန်နှင့် ဒေသအတွင်း သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုအတွက် ထိုက်သင့်သော လျော်ကြေးများပေးရန် တင်ပြတိုင်ကြားစာနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာမှ မည်ကဲ့သို့ ဖြေရှင်း ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ငွေရည်ပုလဲ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အနေနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ ၈-၁၁-၂၀၁၁ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် မနသ-၈၁၈/၂၀၁၁ နဲ့ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ လုံးရုံးကျေးရွာအုပ်စု၊ လောက်ဖန်းဒေသမှာ တစ်နေ့ကို တန် ၃၀၀၀ ကျ ဘိလပ်မြေစက်ရုံ တည်ဆောက်ပြီးတော့ CROWN တံဆိပ်နဲ့ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ငွေရည်ပုလဲ သတ္တုတူးဖော်ရေးကုမ္ပဏီပိုင်ဘိလပ်မြေစက်ရုံမှာ အဓိက လောင်စာအဖြစ် သုံးစွဲရမယ့် ကျောက်မီးသွေး(စက်မှုတွင်းထွက်ကုန်ကြမ်း) လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ရှမ်းပြည်နယ်၊ မိုင်းရယ်မြို့နယ်၊ ခိုဆိုင်းကျေးရွာအုပ်စု၊ နောင်ယဒေသရှိ လုပ်ကွက်(၁) မြေဧရိယာ ၂၁၉.၀၁ ဧက၊ လုပ်ကွက်(၂) မြေဧရိယာ ၁၈၀.၇၈ ဧက၊ လုပ်ကွက်(၃) မြေဧရိယာ ၁၉၅.၂၅ ဧက၊ လုပ်ကွက်(၄) မြေဧရိယာ ၁၇၀.၄၅ ဧက၊ လုပ်ကွက်(၅)မြေဧရိယာ ၁၄၇.၇၃ ဧက စုစုပေါင်းမြေဧရိယာ ၉၁၃.၂၂ ဧက ကျယ်ဝန်းတဲ့ လုပ်ကွက်ငါးကွက်ကို ကျောက်မီးသွေး စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် အမှတ်(၁) သတ္တုတွင်းလုပ်ငန်းကို ၂၀-၆-၂၀၁၄ ရက်စွဲပါစာဖြင့် အဆိုပြုတင်ပြ လျှောက်ထားခဲ့ပါတယ်။

အဲဒီလို တင်ပြလျှောက်ထားမှုအပေါ် ဝန်ကြီးဌာနအောက်မှာရှိတဲ့ သက်ဆိုင်ရာဦးစီးဌာန လုပ်ငန်းများက ဆောင်ရွက်နေတဲ့ လုပ်ငန်းလုပ်ကွက်များနှင့် လွတ်ကင်းမှုရှိ/မရှိစိစစ်ခဲ့တဲ့အခါမှာ လွတ်ကင်းမှုရှိတဲ့အတွက် ဝန်ကြီးရုံး၏ ၁၄-၈-၂၀၁၄ ရက်စွဲပါစာဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို သဘောထားမှတ်ချက်တောင်းခံခဲ့ပါတယ်။ အဲဒီလိုတောင်းခံတဲ့အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဟာ ၃၀-၁-၂၀၁၅ ရက်စွဲပါစာနဲ့ပဲ ကုမ္ပဏီအဆိုပြု တင်ပြလွှာလုပ်ကွက်ငါးကွက်မှ လုပ်ကွက်(၁) မြေဧရိယာ ၂၁၉ ဧကကိုသာ မြေစာရင်းပုံစံ(၁၀၅) ရေးကူးပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကန့်ကွက်ရန် မရှိကြောင်း သဘောထားမှတ်ချက်ပြန်ကြားခဲ့ပါတယ်။ ထပ်မံပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၂-၅-၂၀၁၅ ရက်စွဲပါစာနဲ့ပဲ ကုမ္ပဏီအဆိုပြု တင်ပြလျှောက်လွှာလုပ်ကွက် ငါးကွက်ကနေပြီးတော့

လုပ်ကွက်သုံးကွက် မြေဧရိယာအားဖြင့် ၁၉၅.၂၅ ဧကအပေါ် ၁၆၈.၂၅ ဧကသာ မြေစာရင်းပုံစံ(၁၀၅) ရေးကူးပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက် ပြန်ကြားခဲ့ပါတယ်။

ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ရဲ့ ၁၉-၃-၂၀၁၅ ရက်စွဲပါစာနဲ့ လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ သဘောထားမှတ်ချက်၊ လားရှိုးခရိုင် စီမံခန့်ခွဲမှုကော်မတီရဲ့ ထောက်ခံချက်၊ မိုင်းရယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်၊ မိုင်းရယ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီရဲ့ စိစစ်ထောက်ခံချက်များ၊ ခိုဆိုင်းကျေးရွာအုပ်စု၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူလူထု ၁၅ ဦးရဲ့ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ မိုင်းရယ်မြို့နယ်ခွဲ မြေစာရင်းဦးစီးဌာနရဲ့ သဘောထားမှတ်ချက်နှင့် မြေစာရင်းပုံစံ(၁၀၅)တို့နှင့်အတူ ကျောက်မီးသွေး စမ်းသပ်တိုင်းတာလိုကြောင်း ဆောင်ရွက် ခွင့်ပြုပါရန် တင်ပြလာခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များရဲ့ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်များ စုံလင်စွာရရှိပြီးတဲ့အတွက်ကြောင့်မို့လို့ လုပ်ကွက်(၁)နှင့် လုပ်ကွက်(၃)မှာ ကျောက်မီးသွေး စမ်းသပ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေရည်ပုလဲသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်ကို စမ်းသပ်တိုင်းတာခွင့်ပြုမိန့်အမှတ်(၀၇၅/၂၀၁၅)နှင့် (၁၄၂/၂၀၁၅)တို့ဖြင့် တစ်နှစ်ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ရရှိပြီးတဲ့ လုပ်ကွက်(၁)မြေဧရိယာ ၂၁၉ ဧက လုပ်ကွက်အား ထုတ်လုပ်မှုကူးပြောင်းရန် အကြီးစားထုတ်လုပ်မှု လုပ်ငန်းအဆိုပြုလွှာနှင့်အတူ (သ-၃)အဆင့် ကျောက်မီးသွေးတန်ချိန် ၃၂၄၄၉၈.၈၁ မက်ထရစ်တန် တွက်ချက်ထားတဲ့ ကျောက်မီးသွေးစမ်းသပ်တိုင်းတာရေး အစီရင်ခံစာကို တင်ပြလာခဲ့ပါတယ်။ အဲဒီ အစီရင်ခံစာပါ ကျောက်မီးသွေးမက်ထရစ်တန်ချိန်ကို ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနရဲ့ ကျွမ်းကျင်မှုကော်မတီကနေပြီးတော့ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ လုပ်ကွက်(၁)မြေဧရိယာ ၂၁၉ ဧက လုပ်ကွက်ကို လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ကျောက်မီးသွေးအကြီးစား ထုတ်လုပ်မှု လုပ်ငန်းအတွက် အဓိကလိုအပ်တဲ့ EIA, SIA, HIA, Mine Closure Plan စီမံချက်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မည့် စီမံချက် Environmental Management Plan

(EMP) အစီရင်ခံစာများအား ရေးသားပြုစုတင်ပြခဲ့ရာ အစီရင်ခံစာပါ အချက်အလက်များ စစ်ဆေးခြင်း၊ လုပ်ကွက်အားမြေပုံ၊ မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်း၊ ဓာတ်သတ္တုဖြစ်ထွန်းမှု အလားအလာ စစ်ဆေးခြင်းလုပ်ငန်းများကို ဝန်ကြီးဌာန ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ၈-၂-၂၀၁၆ ရက်နေ့နှင့် ၉-၂-၂၀၁၆ ရက်နေ့များမှာ ကွင်းဆင်းစစ်ဆေးပြီး အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့စနစ်နဲ့ ကျောက်မီးသွေး အကြီးစားထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ မိုင်းရယ်မြို့နယ်၊ ခိုဆိုင်းကျေးရွာအုပ်စု၊ နောင်ယကျေးရွာဒေသရှိ ဒေသခံတောင်သူများ တင်ပြတိုင်ကြားချက်နှင့်ပတ်သက်ပြီးတော့ အဆိုပါဒေသတွင် ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သို့ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ထုတ်ပေးပြီးတဲ့ ကျောက်မီးသွေး လုပ်ကွက်အမှတ်(၁) မြေဧရိယာ ၂၁၉ ဧက လုပ်ကွက်ကို ထုတ်လုပ်မှုကူးပြောင်းပြီးတော့ ဓာတ်သတ္တု အကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ထုတ်ပေးရတဲ့ကိစ္စကို ၉-၃-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီရဲ့ (၁၀/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးက သဘောတူဆုံးဖြတ်ချက်အရ ရပ်ဆိုင်းထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဝန်ကြီးဌာနအနေနဲ့ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်၊ ဓာတ်သတ္တုအကြီးစား/အသေးစားတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ တင်ပြလျှောက်ထားလာတဲ့ ပြည်တွင်း/ပြည်ပမှ လုပ်ငန်းရှင်များပိုင်ကုမ္ပဏီများရဲ့ လုပ်ကွက်လျှောက်ထားမှုအား စိစစ်လက်ခံပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ သဘောထားမှတ်ချက်နှင့် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်များတောင်းခံခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာပြည်သူလူထုရဲ့ သဘောတူထောက်ခံခွင့်ပြုမှုသာလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်၊ ဓာတ်သတ္တုအကြီးစား/အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးပြီးတော့ လုပ်ကိုင်ခွင့်များ ချထားပေးလျက်ရှိကြောင်းကိုလည်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုရှင်းလင်းနိုင်ရန်အတွက် တစ်ဆက်တစ်စပ်တည်းမေးခွန်း ထပ်မံမေးမြန်း

ခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြခဲ့တဲ့မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ၂၆-၄-၂၀၁၆ ရက်နေ့မှာ ကျွန်တော်နှင့်အတူ ပြည်နယ်ကိုယ်စားလှယ်နှစ်ဦးနှင့် အဲဒီ နောင်ယ၊ နောင်ပု၊ ဖာတန်ကျေးရွာမှ လူထုနှင့် နောင်ပူးကျေးရွာဘုန်းတော်ကြီးကျောင်းမှာ သွားရောက်တွေ့ဆုံခဲ့ပြီးတော့ တိုင်ကြားလာတဲ့ ကျေးရွာလူထု ၇၈ ဦးမှ ၆၈ ဦး တက်ရောက်ခဲ့ပါတယ်။ အဲဒီနေ့မှာ သူတို့နှင့် သွားပြီးတော့ တွေ့ဆုံတဲ့နေရာမှာ ကျေးရွာပြည်သူလူထုများအနေနဲ့ လက်ရှိငွေရည်ပုလဲကုမ္ပဏီ လီမိတက်ကနေပြီးတော့ သူတို့ ဒေသအတွင်းမှာ လာရောက်လုပ်ကိုင်နေတဲ့ ကျောက်မီးသွေးတူးဖော် ထုတ်လုပ်ခြင်းကို ရပ်ဆိုင်းပေးဖို့ပဲ တောင်းဆိုခဲ့ပါတယ်။ အဲဒီမှာ တင်ပြလိုတာကတော့ ခိုဆိုင်း ကျေးရွာအုပ်စုအတွင်းမှာ ငွေရည်ပုလဲကုမ္ပဏီလီမိတက်က တူးဖော်နေတာကို ကျွန်တော်ကွင်းဆင်း ကြည့်တဲ့မျက်မြင်အရ လုပ်ကွက်နှစ်နေရာရှိပါတယ်။ နောင်ယကျေးရွာအနီးမှာလုပ်တဲ့ လုပ်ကွက် တစ်ကွက်ရယ်၊ စံတော်ကျေးရွာအနီးမှာလုပ်တဲ့ လုပ်ကွက်တစ်ကွက်ရှိပါတယ်။ အခု မေးခွန်းပါ တင်ပြချက်နှင့် ကန့်ကွက်ချက်က နောင်ယကျေးရွာအနီးက လုပ်ကွက်ကို ကန့်ကွက်ခြင်းဖြစ်ပါတယ်။ နောက်တစ်နေရာမှာရှိတဲ့ စံတော်ကျေးရွာမှာရှိတဲ့လုပ်ကွက်ကတော့ ဒေသခံပြည်သူများအနေနဲ့ ကန့်ကွက်ရန်မရှိကြောင်းလည်း သိရှိရပါတယ်။ အဲဒီတော့ ရှင်းရှင်းလင်း သိရှိနိုင်ဖို့အတွက် တစ်ဆက် တစ်စပ်တည်းမေးလိုတာကတော့ အခု လက်ရှိ နောင်ယကျေးရွာအနီးမှာ လုပ်နေတဲ့ လုပ်ကွက် အပေါ်မှာ ပြည်သူလူထုတွေက ကန့်ကွက်လျက်ရှိပါတယ်။ ဒါကိုလည်း ရပ်ဆိုင်းပေးဖို့လည်း တောင်းဆိုထားပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံတောင်သူများရဲ့ တောင်းဆိုချက် ဆန္ဒနှင့်အညီ နောင်ယကျေးရွာအနီး ငွေရည်ပုလဲကုမ္ပဏီမှ ကျောက်မီးသွေးတူးဖော်နေခြင်းအား လုံးဝရပ်ဆိုင်း ပေးရန် ကိစ္စကို မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေပေးပါ။

**ဦးအုန်းဝင်း(သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ သတ္တုတွင်းဌာနကို မေးမြန်းထားတဲ့အချက်ကတော့ ကျွန်တော်တို့ နောင်ယကျေးရွာအနီးမှာရှိတဲ့ လုပ်ကွက်တစ်ကွက်သာဖြစ်ပါတယ်။ ကျွန်တော်အခု ဖြေကြားတဲ့အကြောင်းအရာကတော့ ခုနက ၉-၃-၂၀၁၆ ရက်နေ့မှာ စီမံခန့်ခွဲရေးကော်မတီရဲ့ ဆုံးဖြတ်ချက်အရ လုံးဝပိတ်ထားတဲ့ လုပ်ကွက် တစ်ကွက်ပဲဖြစ်ပါတယ်။ အခုလွှတ်တော်အမတ်ကြီး တင်ပြထားတဲ့အကွက်ကိုလည်း ပြန်လည်စိစစ် ပြီးတော့ ပြန်လည်တင်ပြ ပေးပါမယ်ခင်ဗျား။

**မူကြမ်း**

**ပင်လည်ဘူးမြို့နယ်တွင် ကျောက်မီးသွေး(စက်မှုတွင်းထွက်ကုန်ကြမ်း) ထုတ်လုပ်ရောင်းချသော ကုမ္ပဏီ တစ်ခုနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနက မည်သို့ဆောင်ရွက်ခွင့်ပြုထားပြီး နိုင်ငံတော်အတွက် အကျိုးအမြတ် မည်မျှရရှိသည်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းနောင်(ပင်လည်ဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလိုတာကတော့ ကျွန်တော်တို့ ပင်လည်ဘူးမြို့နယ်အတွင်းရှိ ပင်လည်ဘူးမြို့မှ လေးမိုင်ခန့် အကွာတွင် ထွန်းကြွယ်ပေါ် စက်မှုလက်မှုကုမ္ပဏီမှ လုပ်ကွက်သုံးခုအား ထုတ်လုပ်ခွင့်ကို သတ္တုတွင်း ဝန်ကြီးဌာန၏ ၂၃-၁၁-၂၀၁၂ ရက်စွဲပါစာအမှတ်ဖြင့် တူးဖော်ခွင့်ပြုထုတ်လုပ်နေကြောင်း တွေ့ရှိရပါ တယ်။ ထို့နောက် ပထမအကြိမ် သက်တမ်းအဖြစ် ၂၂-၁၀-၂၀၁၅ မှ ၂၂-၁၀-၂၀၁၆ အထိ တစ်နှစ် ခွင့်ပြုထားသည်ကို သိရှိရသဖြင့် ၎င်းမတိုင်မီ ကြားကာလများအတွင်း ထုတ်လုပ်ရောင်းချနေမှုများ သည် တရားမဝင် ကျောက်မီးသွေးထုတ်လုပ်ရောင်းချနေသကဲ့သို့ဖြစ်နေပြီး ကုမ္ပဏီဥက္ကဋ္ဌမှ ထုတ်လုပ် ရောင်းချတင်ပြမှုစာရင်းများအရ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍ ထုတ်လုပ်ရောင်းချနေကြောင်း သိရှိရ ပါသည်။ ထို့အပြင် ကုမ္ပဏီမှ လက်ရှိလုပ်ကိုင်နေသော လုပ်ကွက်များကို သက်ဆိုင်ရာဝန်ကြီးဌာနမှ မှန်ကန်စွာ တိုင်းတာသတ်မှတ်ထားသော ဧရိယာဟုတ်/မဟုတ်ကို ထင်ရှားသတ်မှတ်ချက်အမှတ် အသားများ ကုမ္ပဏီမှ ဆောင်ရွက်ထားမှုမရှိကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအဖြစ် မလိုအပ် ဘဲ သစ်ပင်ခုတ်လှဲခြင်း၊ ကျောက်မီးသွေးများ သန့်စင်စေရန် ရေဆေးစနစ်ကို အသုံးပြုသည့်အခါ ဆေးပြီး စွန့်ပစ်ရေများကို ရေစီးချောက်ထဲသို့ တိုက်ရိုက်လွှတ်ချခြင်းများ စစ်တွေ့ရှိရပါသည်။ ကုမ္ပဏီ မှ သက်ဆိုင်ရာသို့ တင်ပြသော ကျောက်မီးသွေးထုတ်လုပ်မှု ကိန်းဂဏန်းမှာ တစ်လလျှင် စုစုပေါင်း တန် ၁၀၀ သို့မဟုတ် စုစုပေါင်း တန် ၅၀၀ ဝန်းကျင်သာ တင်ပြကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့သော် မြေပြင်တွင် မိမိတို့ လေ့လာတွေ့ရှိမှုမှာ တစ်ရက်လျှင် စုစုပေါင်း တန် ၄၀၀ ခန့် အက်ဟိုး စက်ယန္တရားကြီးများသုံး၍ ထုတ်လုပ်နေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ထို့ကြောင့် ကုမ္ပဏီ၏

ထုတ်လုပ်ရောင်းချမှုအပေါ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနက မည်သည့်နည်းဖြင့် သတင်းအမှန်ရယူခြင်း၊ ထုတ်လုပ်မှုအပေါ်တွင် ဓာတ်သတ္တုခွန် ခွဲဝေမှုအချိုး နိုင်ငံတော်အတွက် အကျိုးအမြတ် မည်မျှရှိသည်တို့ကို ပွင့်လင်းမြင်သာမှန်ကန်စွာ ထုတ်ပြန်ခဲ့ခြင်း မတွေ့ရပါ။

သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုသည်မှာ (က) ထွန်းကြွယ်ပေါကုမ္ပဏီအနေဖြင့် သတ္တုတွင်းဝန်ကြီးဌာနသို့ တရားဝင်ပေးဆောင်ရမည်ဖြစ်သော ဓာတ်သတ္တုခွန်နှင့်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရရှိသော အကျိုးအမြတ်ပေးသွင်းမှုအခြေအနေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ယခုကာလအထိ ကျောက်မီးသွေးတစ်တန်၏တန်ဖိုးကို မည်သည့်ဈေးနှုန်းဖြင့် သတ်မှတ်ပေးသွင်းပါသနည်း။ (ခ) ကုမ္ပဏီအနေဖြင့် အထက်ပါလုပ်ကွက်များမှ ထုတ်လုပ်ရောင်းချသော ကျောက်မီးသွေးတန်အရေအတွက်ကို သက်ဆိုင်ရာဌာနများ သို့ လစဉ်အလိုက်ပုံမှန်တင်ပြမှုမရှိခြင်း၊ (ဂ) ကုမ္ပဏီမှ ခွင့်ပြုသတ်မှတ်ဧရိယာထင်ရှားသတ်မှတ် ဆောင်ရွက်ထားမှုမရှိခြင်း၊ (ဃ) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန်တို့အား ဝန်ကြီးဌာနက မည်သို့ထိန်းကျောင်းစောင့်ကြည့်စိစစ်အရေးယူဆောင်ရွက်မှုများ ရှိပါသနည်းဟု မေးမြန်းလိုခြင်း ဖြစ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန် ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဦးအုန်းဝင်းကနေပြီးတော့ ထပ်မံဖြေကြားပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်ရဲ့ ပင်လည်ဘူးမြို့နယ်တွင် ကျောက်မီးသွေး(စက်မှုတွင်းထွက်ကုန်ကြမ်း) ထုတ်လုပ်ရောင်းချသော ကုမ္ပဏီတစ်ခုနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနက မည်သို့ဆောင်ရွက်ခွင့်ပြုထားပြီး နိုင်ငံတော် အကျိုးအမြတ်မည်မျှရရှိတယ်၊ မရှိနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်အတွင်းမှာ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့စနစ်နဲ့ ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) ထုတ်လုပ်မှုဆောင်ရွက်နေတဲ့ ကုမ္ပဏီနှစ်ခုရှိပါ

တယ်။ ထွန်းကြွယ်ပေါ စက်မှုကုမ္ပဏီလီမိတက်နှင့် ရွှေလျှက်ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက်တို့ ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီနှစ်ခုအနက် ရွှေလျှက်ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက်ဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ် မံစီဒေသ မြေဧရိယာ ၅၀ ဧက ကျယ်ဝန်းတဲ့ လုပ်ကွက်မှာ ကျောက်မီးသွေးအသေးစားထုတ်လုပ်ဖို့အတွက် ၁၀-၆-၂၀၁၄ ရက်စွဲနဲ့ ခွင့်ပြုမိန့် အမှတ် (၀၀၃၄/၂၀၁၄)အရ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့စနစ်နဲ့ ၂၈-၅-၂၀၁၄ ရက်နေ့ကနေပြီးတော့ ၂၇-၅-၂၀၁၇ ရက်နေ့အထိ သုံးနှစ်သက်တမ်းရှိတဲ့ လုပ်ငန်းသဘောတူစာချုပ်ကို ၁၀-၆-၂၀၁၄ ရက်နေ့မှာ ချုပ်ဆိုလုပ်ကိုင်လျက်ရှိပါတယ်။

ရွှေလျှက်ထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်အနေနဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကနေပြီးတော့ ထုတ်လုပ်မှုလုပ်ငန်းစတင်ဆောင်ရွက်ပြီး ၂၀၁၆ ခုနှစ် မတ်လအထိ စုစုပေါင်း ကျောက်မီးသွေး မက်ထရစ်တန်ချိန် ၁၈၅၀ ကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ မတ်လအထိ ထုတ်လုပ်ပြီး တန်ချိန်ခုနကတင်ပြတဲ့ ၁၈၅၀ မက်ထရစ်တန်ကနေပြီးတော့ သတ္တုတွင်းဦးစီးဌာနကို ဓာတ်သတ္တုခွန် ၃ ရာခိုင်နှုန်းဖြစ်သော ၅၅.၅ မက်ထရစ်တန်အတွက် တစ်တန်လျှင် ကျပ် ၁၀၀၀၀ နဲ့ ကျသင့်ငွေကျပ် ၅၅၅၀၀၀ ကို သတ္တုတွင်းဦးစီးဌာနကိုလည်းကောင်း၊ ကျန်တန်ချိန် ၁၇၉၄.၅ မက်ထရစ်တန်က ထုတ်လုပ်မှုအပေါ် ခွဲဝေမှုအချိုး ၃၀ ရာခိုင်နှုန်းဖြစ်တဲ့ ၅၃၈.၃၅ မက်ထရစ်တန်အတွက် တစ်တန်လျှင် ကျပ် ၁၀၀၀၀ နှုန်းနဲ့ ကျသင့်ငွေ ၅၃၈၃၅၀၀ နှင့် လုပ်ငန်းသဘောတူစာချုပ်ချုပ်တဲ့အချိန်မှာ အဆိုပြုငွေအဖြစ် မြန်မာငွေကျပ် ၁၅၀၀၀၀၀ တို့ကို အမှတ်(၁) သတ္တုတွင်းဝန်ကြီးဌာနကိုလည်းကောင်း ပေးသွင်းပြီးဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အဆိုပါအခွန်လွှာ ငွေစုစုပေါင်း ကျပ် ၇၄၃၈၅၀၀ ကို လက်ခံရရှိထားပြီးဖြစ်ပါတယ်။

ခွင့်ပြုထားတဲ့ ကုမ္ပဏီနှစ်ခုအနက် နောက်ကုမ္ပဏီကတော့ ထွန်းကြွယ်ပေါ စက်မှုကုမ္ပဏီလီမိတက် ဖြစ်ပါတယ်ခင်ဗျား။ ထုတ်လုပ်ဖို့ခွင့်ပြုထားတဲ့ ဧရိယာ ပိုမိုကျယ်ဝန်းပြီးတော့ ကျောက်မီးသွေး (စက်မှုတွင်းထွက်ကုန်ကြမ်း) ထုတ်လုပ်မှုတန်ချိန်များပြားတဲ့ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ ထွန်းကြွယ်ပေါ စက်မှုကုမ္ပဏီလီမိတက်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်၊ စင်လောင်ဒေသ လုပ်ကွက်(၁)မြေဧရိယာ ၃၀.၉၉ ဧကနှင့် ဘန့်ဘွေးကုန်းဒေသ လုပ်ကွက်(၂) မြေဧရိယာ ၄၉.၈၅ ဧကကျယ်ဝန်းတဲ့ လုပ်ကွက်နှစ်ကွက်တို့မှာ ကျောက်မီးသွေး အသေးစား ထုတ်လုပ်ရန် ၂၃-၃-၂၀၁၅ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်(၀၁၈/၂၀၁၅) နှင့် (၀၁၉/၂၀၁၅)တို့အရ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ်မှာခွဲဝေခံစားတဲ့စနစ်နဲ့ ၅-၃-၂၀၁၅ ရက်နေ့မှ ၄-၃-၂၀၂၀

ရက်နေ့အထိ ငါးနှစ်သက်တမ်းရှိတဲ့ လုပ်ငန်းသဘောတူစာချုပ်ကို ၁၃-၃-၂၀၁၅ ရက်နေ့ကစပြီးတော့ စာချုပ်ချုပ်ဆိုပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါ ထွန်းကြွယ်ပေါစက်မှုကုမ္ပဏီလီမိတက်အနေနဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာလက စတင်တော့ ထုတ်လုပ်မှုလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မတ်လမှာရရှိတဲ့ ကျောက်မီးသွေးစုစုပေါင်းကတော့ မက်ထရစ်တန်အားဖြင့် ၂၈၅၀ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် မတ်လအထိ ထုတ်လုပ်တာကတော့ ၂၈၅၀ မက်ထရစ်တန်ကနေပြီးတော့ ကျွန်တော်တို့ ဓာတ်သတ္တုခွန် ၃ ရာခိုင်နှုန်းဖြစ်တဲ့ ၈၅.၅ မက်ထရစ်တန်အတွက် တစ်တန်ကိုကျပ် ၁၀၀၀၀ နှုန်းနဲ့ကျသင့်ငွေ ၈၅၅၀၀၀ ကိုတော့ သတ္တုတွင်းဦးစီးဌာနကိုလည်းကောင်း၊ ကျန်တဲ့ကျောက်မီးသွေးတန်ချိန် ၂၇၆၄.၅ မက်ထရစ်တန်ကနေ ထုတ်လုပ်ရရှိတဲ့ ခွဲဝေမှုအချိုး ၃၀ ရာခိုင်နှုန်းဖြစ်တဲ့ ၈၂၉.၃၅ မက်ထရစ်တန် အတွက် တစ်တန်လျှင် ကျပ် ၁၀၀၀၀ နှုန်းနဲ့ ကျသင့်ငွေ ၈၂၉၃၅၀၀ နှင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုချိန်မှာ အဆိုပြုငွေအဖြစ် လုပ်ကွက်(၁)အမှတ်မှာ မြန်မာကျပ်ငွေ ၁၅ သိန်းနှုန်းနဲ့ လုပ်ကွက်(၂) ရဲ့ စုစုပေါင်းအတွက် ကျပ်သိန်းသုံးဆယ်တို့ကို အမှတ်(၁) သတ္တုတွင်းလုပ်ငန်းကို ပေးသွင်းပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ စုစုပေါင်း ကျပ် ၁၂၁၄၈၅၀၀ ရ ရှိထားပြီး ဖြစ်ပါတယ်။ အဲဒီ အဆိုပါကုမ္ပဏီနှစ်ခုကနေပြီးတော့ ဝန်ကြီးဌာနကို ပေးသွင်းရမယ့် စုစုပေါင်းငွေအားဖြင့် ပြောမယ်ဆိုလို့ရှိရင် ကျပ် ၁၉၅၈၇၀၀၀ ဖြစ်ပါတယ်။ ယခု တင်ပြချက်ကတော့ နိုင်ငံတော်အတွက် မည်ကဲ့သို့ အကျိုးပြုနေသည်ကို ပြန်လည် ဖြေကြားခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီး ကျွန်တော် ဆက်လက်တင်ပြပါ့မယ် ခင်ဗျာ။ ဒီကုမ္ပဏီများရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်ပြီးတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် (Environmental Impact Assessment - EIA)၊ လူမှုရေးရာ ထိခိုက်မှုဆန်းစစ်ချက် (Social Impact Assessment - SIA)၊ ပတ်ဝန်းကျင် လူထုရဲ့ ကျန်းမာရေးထိခိုက်မှုဆန်းစစ်ချက် (Health Impact Assessment - HIA)၊ ကုမ္ပဏီများရဲ့လူမှုရေး တာဝန်ယူမှု (Corporate Social Responsibility) နှင့် မိုင်းပိတ်သိမ်းတဲ့စီမံချက် (Mine Closure Plan) တို့ကို ၃၁-၅-၂၀၁၄ ရက်မှာ ပြုစုရေးသားတင်ပြထားပြီး ဖြစ်ပါတယ်။ အဲဒီအပြင် သဘာဝ ဝန်းကျင် ထိန်းသိမ်းရေးစီမံချက် (Environmental Management Plan - EMP)ကိုလည်း ကုမ္ပဏီ များနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်အပိုင်း(၉)မှာ အထွေထွေတာဝန်များ အပိုင်း(၁)မှာ ကန်ထရိုက်တာ

အမည်ကနေပြီးတော့ ယခင် အခေါ်ပေါ့ခင်ဗျာ။ ယခင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကနေပြီးတော့ လက်ခံကျင့်သုံးတဲ့ စံချိန်စံညွှန်းနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် (Environmental Impact Assessment - EIA)၊ SIA ၊ HIA တို့ကို စာချုပ်မချုပ်မီ တင်ပြရပါတယ်။ အဲဒီအခါမှာ ဆန်းစစ်ချက်ပါတဲ့အချက်တွေကို အခြေခံပြီးတော့ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက် (Environmental Management Plan - EMP) ကို ထုတ်လုပ်မှုမစမီမှာ အမှတ်(၁) သတ္တုတွင်းဝန်ကြီးလုပ်ငန်းကို ဆက်လက်တင်ပြရပါတယ်။ အဲဒီစီမံချက်အတိုင်း အပြည့်အဝလိုက်နာဆောင်ရွက်မယ်ဟု ထည့်သွင်းပြီးတော့ ကတိစာချုပ်ချုပ်ဆိုပြီးတော့ ချုပ်ဆိုထားကြောင်း ဖြေကြားအပ်ပါတယ်။

လုပ်ကွက်ဧရိယာကျယ်ဝန်းပြီး ထုတ်လုပ်မှုတန်ချိန်များပြားတဲ့ ထွန်းကြွယ်ပေါ စက်မှုကုမ္ပဏီလီမိတက်အနေနဲ့ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးတာဝန်ယူမှု (CSR)အတွက်ကို ကျပ် ၁၅ သိန်းနှင့် သတ္တုတွင်းလုပ်ကွက် ပိတ်သိမ်းမှုရန်ပုံငွေ ကျပ်တစ်ဆယ်သိန်းကိုလည်းပဲ အပ်နှံထားရန် ကတိကခံဝန်ပြီး ဖြစ်ပါတယ်။ ရွှေလျှက်ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက်အနေနဲ့ CSR နဲ့ သတ္တုတွင်းလုပ်ကွက် ပိတ်သိမ်းမှု ရန်ပုံငွေ (Mine Closure Fund) တို့ကိုလည်း ထားရှိရန်အတွက် ကျွန်တော်တို့ ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်နေကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်ရှိ တောင်သူ (၄၂) ဦး ပိုင်ဆိုင်လုပ်ကိုင်စားသောက်လျက်ရှိသော ပုံစံ(၇)ကျပြီးဖြစ်သည့် ယာမြေများအားသိမ်းဆည်း၍ တရားစွဲဆိုထားသည့်မြေသည် သစ်တောကြိုးဝိုင်း၊ ပျဉ်ထောင်ကြိုးပြင်ကာကွယ်တောဖြစ်ခြင်း၊ လုပ်ကိုင်စားသောက်ခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော်ပြီဖြစ်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် သစ်တောဝန်ကြီးဌာနမှ ဤကဲ့သို့ နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့သော တောင်သူများ၏ မြေများကို ပုံစံ(၇) ထုတ်ပေးမည်ဖြစ်ကြောင်း ဖြေဆိုခဲ့ခြင်းတို့ကြောင့် နစ်နာနေသော တောင်သူများအား မြေများပြန်လည်ပေးအပ်ရန်နှင့် တရားစွဲဆိုထားသော အမှုအား ရုပ်သိမ်းပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းအောင်(ခင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦး

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ အခြေခံအကြောင်းပြချက်များကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ် ကုတ္တက်ကျေးရွာအုပ်စုမှ ဂုဏ်ကျွန်းကျေးရွာ တောင်သူ ၄၂ ဦး နှစ်ပေါင်း(၃၀) ကျော် လုပ်ကိုင်စားသောက်ခဲ့သော ယာမြေ ၇၂၀ ဧကကို ထိုအချိန်က ခင်ဦးမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာနမှ လတ်တလော အတင်းအဓမ္မ ဝင်ရောက်သိမ်းဆည်းပြီးတော့မှ ယာမြေများအတွင်း သစ်ပင်များစိုက်ကျကြောင်း၊ သိမ်းဆည်းခံရသော တောင်သူများမှ သိမ်းဆည်းခြင်းကိုသဘောမတူကြောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ (ခင်ဦးမြို့)၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ တင်ပြတိုင်ကြားခဲ့ကြပါတယ်။ ယခု လက်ရှိအခြေအနေမှာ သက်ဆိုင်ရာမှ သစ်တောဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(က)နှင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့က တောင်သူများဖြစ်ကြတဲ့ သင်ပေါင်းရွာ ကွင်းအမှတ်(၂၅၂၈) နှင့် ပိုင်ဆိုင်တဲ့ ဦးအောင်ချို၊ ရွာစဉ်ရွာမှ ကွင်းအမှတ်(၂၅၇၈)နှင့် ပိုင်ဆိုင်တဲ့ ဦးမိုးနှင်း၊ ကွင်းအမှတ် မတင်ပြနိုင်တဲ့ ဦးတင်ထွန်း ၎င်းပုဂ္ဂိုလ်တို့အား တရားစွဲဆိုခဲ့ပါတယ်။ ၎င်းယာမြေများအား ၁၉၈၀ ခုနှစ်ကပင် တောင်သူများ စတင်လုပ်ကိုင်ခဲ့ကြပြီးတော့မှ မြေစာရင်းဦးစီးဌာနရဲ့ ပုံစံ(၇)ထုတ်ပေးခဲ့ကြကြောင်း လုပ်ကိုင်စားသောက်ခဲ့သည်မှာလည်း နှစ်ပေါင်း ၃၀ ခန့်ရှိပြီဖြစ်၍ ဤသို့ သိမ်းဆည်းခဲ့သည်မှာ တောင်သူများအတွက် များစွာနစ်နာကြောင်း တရားစွဲဆိုခံရသည့်အတွက်လည်း ပိုမို၍နစ်နာရပါကြောင်း လယ်သိမ်းခံတောင်သူများမှ တင်ပြလာကြပါတယ်။ ၎င်းတို့လုပ်ကိုင်စားသောက်နေတဲ့ မြေများအား ပြန်လည်စွန့်လွှတ်ပေးပါရန်နှင့် တရားစွဲဆိုထားသည့်အမှုအားရုပ်သိမ်းပေးပါရန် လွှတ်တော်သို့ တင်ပြပေးစေလိုကြောင်း တင်ပြလာပါ၍ အောက်ပါမေးခွန်းများ မေးမြန်းအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သိမ်းဆည်း၍ တရားစွဲဆိုထားတဲ့မြေကို သစ်တောကြိုးဝိုင်း၊ ပျဉ်တောင်ကြိုးပြင်ကာကွယ်တောများ ဖြစ်ပေမယ့်လို့ လုပ်ကိုင်စားသောက်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ဖြစ်ခြင်း ပထမအကြိမ်ပြည်သူ့လွှတ်တော်တွင် သစ်တောဝန်ကြီးမှ ဤကဲ့သို့နှစ်ပေါင်းများစွာ လုပ်ကိုင်လာကြတဲ့မြေများကို ပုံစံ(၇)ထုတ်ပေးမယ်လို့ ဖြေဆိုခဲ့ခြင်းတို့ကြောင့်မို့ နစ်နာနေရသော တောင်သူများအား မြေယာပြန်လည်ပေးရန်နှင့် တရားစွဲဆိုထားသောအမှုအား

ရုပ်သိမ်းပေးပါရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ ခွင့်ပြုချက်အရ ကျွန်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းမှ ဖြေကြားပါမယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်မှာရှိတဲ့ တောင်သူ(၄၂)ဦး ပိုင်ဆိုင်လုပ်ကိုင်စားသောက်တဲ့ ပုံစံ(၇)ကျပြီးတဲ့ ယာမြေများကို သိမ်းဆည်းပြီးတော့ တရားစွဲဆိုထားတဲ့မြေများဟာ သစ်တောကြိုးဝိုင်း၊ ပျဉ်ထောင်ကြိုးဝိုင်း ကာကွယ်တောဖြစ်ခြင်း၊ လုပ်ကိုင်စားသောက်ခဲ့သည်မှာ နှစ် ၃၀ ကျော်ပြီဖြစ်ပြီးတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ သစ်တောဝန်ကြီးဌာနက ဤကဲ့သို့ နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့တဲ့ တောင်သူများရဲ့မြေကို ပုံစံ(၇)ထုတ်ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့ခြင်းကြောင့် နစ်နာတဲ့တောင်သူများအား မြေများပြန်လည်ပေးအပ်ရန်နှင့် တရားစွဲဆိုသော အမှုအားရုပ်သိမ်းပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရုံးရဲ့ ၁၁-၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၃(၁)/၇/သမ္မတရုံးအရ မြို့ပြကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်ရာမှာ ပြည်သူလူထုတို့ရဲ့ စားဝတ်နေရေးနဲ့ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထိရောက်သိသာစွာ ဆောင်ရွက်ပေးရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများအတွင်းမှာ နှစ်ကာလအတိုင်း အတာတစ်ခုအထိ တရားမဝင်ကျူးကျော်အခြေချနေထိုင်တဲ့ ရွာစုနှင့် အိမ်ထောင်စုစာရင်းဇယားများကောက်ယူပြီး ကျေးရွာသစ်များ ပြန်လည်ဖွဲ့စည်းနေရာချထားပေးဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီးတော့ စီမံချက်ရေးဆွဲအကောင်အထည်ဖော်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။

အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ကျူးကျော်အခြေချနေထိုင်တဲ့ ရွာစုနှင့် အိမ်

ထောင်စုများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ပါဝင်တဲ့အဖွဲ့များကနေပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ မြေပြင်စာရင်းကောက်ခြင်းလုပ်ငန်းကို ကြီးကြပ်မှုကော်မတီအဆင့်ဆင့်ဖြင့် ၂၀-၂-၂၀၁၃ ရက်နေ့မှ ၂၅-၃-၂၀၁၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါတယ်။

စာရင်းကောက်ယူမှုအရ တိုင်းဒေသကြီး/ပြည်နယ်များအားလုံးမှာ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်အခြေချနေထိုင်တဲ့ ကျေးရွာပေါင်းကတော့ ၃၉၁၇ ခုဖြစ်ပါတယ်။ ရွာအတွက် ရွာမြေ၊ လယ်မြေ၊ ယာမြေ၊ သာသနာ/အများပိုင်မြေ၊ ဥယျာဉ်ခြံ၊ နှစ်ရှည်/စိုက်ခင်း မြေဧရိယာစုစုပေါင်း ၁၈၂၂၁၈၃.၀၇ ဧကရှိကြောင်း စာရင်းကောက်ယူရရှိခဲ့ပါတယ်။ ကောက်ယူရရှိတဲ့ စာရင်းအပေါ် အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက်၊ အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်မပေါက်၊ အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်ပေါက်နှင့် အမည်မပေါက်သော်လည်းပဲ အခိုင်အမာ တည်ဆောက်ထားတဲ့ကျေးရွာပေါင်းအားလုံး ၂၈၁၀ ရွာအတွက် ရွာမြေ၊ လယ်မြေ၊ သာသနာ/အများပိုင်မြေ မြေဧရိယာစုစုပေါင်း ၅၀၈၀၄၇.၇၀ ဧကကို သစ်တောမြေအဖြစ်ကနေ ကျွန်တော်တို့ ပြန်လည်ပယ်ဖျက်ပေးခဲ့ပါတယ်။

သစ်တောကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအတွင်းမှာ ပြန့်ကျဲလျက်ကျူးကျော်အခြေချနေထိုင်သူများနှင့် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအတွင်း နေထိုင်ခြင်းမရှိဘဲ ပြင်ပကနေပြီးတော့မှ လာရောက်ကျူးကျော်လုပ်ကိုင်နေသူများရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာ/အများပိုင်မြေများကို သစ်တောမြေအဖြစ်မှ ဆက်လက်ပြီးတော့ ပယ်ဖျက်ပေးသွားမှာ ဖြစ်ပါတယ်။ ယာမြေများကို သစ်တော မြေအဖြစ်မှ ပယ်ဖျက်ပေးခြင်းမပြုဘဲနဲ့ သီးနှံသစ်တောရောနှောစိုက်ပျိုးတဲ့ စနစ် (Agro Forestry System) ကိုလည်းပဲ အခြေခံတဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောအဖြစ် တည်ထောင်ခွင့်ကိုလည်း ကျွန်တော်တို့ ပြုခဲ့ပြီးရှိပါတယ်။ ဥယျာဉ်ခြံမြေ၊ နှစ်ရှည်/စိုက်ခင်းများအတွက် နှစ်ရှည်မြေငှားစနစ်နဲ့ ဆက်လက်လုပ်ကိုင်ခွင့်ကိုလည်း ပြုထားလျက်ရှိပါတယ်။ သစ်တောမြေအဖြစ်ကနေ ပယ်ဖျက်ပေးပြီးတော့ လယ်ယာမြေများအတွက် ပုံစံ(၇)ထုတ်ပေးခြင်းလုပ်ငန်းကတော့ ကျွန်တော်တို့ ဝန်ကြီးဌာနက သက်ဆိုင်မှုမရှိပါဘူး။ အဲဒါကိုတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကပဲ ဆောင်ရွက်ပေးပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ် ကွင်းအမှတ်(၂၅၂၈/၂၅၇၈)၊ ဦးပိုင်အမှတ် (၁၂/၁၉) ကုတ္တက်အုပ်စု၊ ဂုဏ်ကျွန်းကျေးရွာ

မူကြမ်း

တောင်သူ ၄၂ ဦး လုပ်ကိုင်စားသောက်လျက်ရှိတဲ့ ပုံစံ(၇)ရပြီး ယာမြေ ၇၀၀ ဧကဟာ သစ်တော ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအတွင်း ကျရောက်မှု လုံးဝမရှိပါဘူးခင်ဗျား။ အဆိုပါယာမြေများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် အတင်းအဓမ္မသိမ်းပိုက်ယူခဲ့ခြင်းလည်း မရှိပါဘူးခင်ဗျား။

အဲဒီတော့ အသေးစိတ်ကို ကျွန်တော်တင်ပြရမယ်ဆိုလို့ရှိရင် ခိုထောင်ကြိုးဝိုင်းကို ဤဝန်ကြီးဌာနကနေပြီးတော့ ၂၆-၃-၁၉၀၄ ရက်စွဲပါအမိန့်ကြော်ငြာစာမှတ်(၁၃၉/၁၉၀၄)အရ ဧရိယာဧက ၃၂၇၇ ဧက ဖြင့်လည်းကောင်း၊ ပျဉ်ထောင်ကြိုးပြင်ကာကွယ်တောကိုတော့ ၁၇-၃-၂၀၀၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၀၄)အရလည်းကောင်း ဧရိယာ ၈၃၆၉ ဧက ကို သီးသီးဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ အဲဒီအပြင် ခင်ဦးမြို့နယ်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကနေပြီးတော့ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ကျေးရွာသုံးထင်းစိုက်ခင်း တည်ထောင်ဖို့အတွက် ခိုထောင်ကြိုးဝိုင်းအတွင်း ၂၅ ဧကနှင့် ပျဉ်ထောင်ကြိုးပြင်ကာကွယ်တောအတွင်းမှာ ၂၅ ဧက စုစုပေါင်း ၅၀ ဧက ရွေးချယ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ကျေးရွာသုံးထင်းစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်စဉ် စိုက်ခင်းမြေနေရာများအတွင်း ဦးအောင်ချို(သင်ပေါင်းရွာ)ဟာ ခိုထောင်ကြိုးဝိုင်းအကွက်အမှတ်(၅၉)တွင်လည်းကောင်း၊ ဦးတင်ထွန်း(လယ်သစ်တောရွာ)နှင့် ဦးမိုးနှင်း(ရွာစဉ်ရွာ) နှစ်ဦးတို့ဟာ ပျဉ်ထောင်ကြိုးပြင် ကာကွယ်တောအတွင်းမှာလည်းကောင်း ၎င်းတို့ ယခင်လုပ်ကိုင်ခဲ့ဖူးတဲ့ မြေဖြစ်တယ်လို့ တားမြစ်ခြင်းကို ပြုလုပ်ပြီးတော့ အသစ်ခုတ်ထွင်ရှင်းလင်းကျူးကျော်မှုများကို လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ၂၂-၁-၂၀၁၆ ရက်နေ့မှာ ခင်ဦးမြို့နယ် တရားရုံးမှာ သစ်တောဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(က)အရ အမှုဖွင့်တရားစွဲဆိုခဲ့ခြင်း ဖြစ်ပါတယ်။

ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းစဉ်အခါက ဒေသခံအဆိုပါ ကျူးလွန်သူများထွန်ယက်တဲ့ မြေနေရာများကို ဆိုင်ရာဆိုင်ခွင့် တောင်းခံချက်မရှိခဲ့ပါဘူး။ ရှိလို့ရှိရင်လည်း ကျွန်တော်တို့က ပေးရပါတယ်။ ထို့အပြင် သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလအတန်ကြာ ကျူးကျော်အခြေချ နေထိုင်တဲ့အိမ်စု၊ ရွာစုများအတွက် စာရင်းကောက်စဉ်ကလည်း ကောက်ယူတဲ့စာရင်းထဲမှာ မပါဝင်ကြောင်းကိုလည်းပဲ တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ ကွင်းအမှတ်(၂၅၂၈/၂၅၇၈)၊ ဦးပိုင်အမှတ်(၁၂/၁၉) ကုတ္တက်အုပ်စု၊ ဂုဏ်ကျွန်းကျေးရွာ တောင်သူ ၄၂ ဦးလုပ်ကိုင်စားသောက်လျက်ရှိတဲ့ ပုံစံ(၇)ကျပြီးသားမြေဧက ၇၀၀ နှင့်ပတ်သက်ပြီးတော့ သစ်တောမြေအတွင်း လုံးဝကျရောက်ခြင်းမရှိပါကြောင်းနှင့် အတင်းအဓမ္မသိမ်းဆည်းခြင်းလည်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မူကြမ်း

သစ်တောနယ်မြေအတွင်း ကျူးကျော်လုပ်ကိုင်ခဲ့တဲ့ တောင်သူများဖြစ်တဲ့ ဦးအောင်ချို (သင်ပေါင်းရွာ)၊ ဦးတင်ထွန်း(လယ်သစ်တောရွာ)၊ ဦးမိုးနှင်း(ရွာစဉ်ရွာ)တို့အပေါ် သစ်တောဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ(က)ပါ ကြိုးဝိုင်းတောအတွင်း မည်သည့်သစ်ပင်ကိုမဆို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းနဲ့ ပျက်စီး စေခြင်းအစရှိတဲ့ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူတရားစွဲဆိုခြင်းသာ ဖြစ်ပါတယ်။ ကျူးကျော်မြေအား ပြန်လည်ပေးအပ်ရန်မရှိပါကြောင်းနှင့် တရားစွဲဆိုခြင်းအားလည်း ပြန်လည်ရုပ်သိမ်းမှုမရှိပါကြောင်း ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ မေးခွန်းများကို ဖြေကြားရှင်းလင်းပေးတဲ့ ပြည်ထောင်စုဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါပြီ။

**ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က တင်သွင်းသည့် ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျက်ရှိသဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်းဒေသကြီး၊ မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကြီးအုံကြီးဝတမံပျက်စီးမှုများနှင့် စစ်ကိုင်းတိုင်း ဒေသကြီး- ချင်းပြည်နယ် နယ်စပ်၊ ရာဇဂြိုလ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်တို့အတွက် ယခု လာမည့် မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့ အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ် လေးဦးရှိပါတယ်။ ကိုယ်စားလှယ်များ ဆွေးနွေးတဲ့အခါမှာ အဆိုနဲ့စပ်လျဉ်းတဲ့ စည်းကမ်းချက်တွေနဲ့ပတ်သက်တဲ့ ရှင်းလင်းပြတ်သားပြီးတော့ တိကျစွာဖော်ပြတဲ့ အကြောင်းအရပ်ဖြစ်ရပါမယ်။ မဆီလျော်တဲ့ အကြောင်းပြချက်တွေ၊ ခိုင်လုံတဲ့အထောက်အထားမပါတဲ့ ယူဆချက်တွေ၊ မသင့်လျော်တဲ့ အသုံး အနှုန်းများနဲ့ ဂုဏ်သရေကိုထိခိုက်စေတဲ့ဖော်ပြချက်များ မပါရှိဖို့လိုပါတယ်။ ဆွေးနွေးတဲ့အခါမှာလည်း ဆွေးနွေးတဲ့အဆိုနဲ့ ပတ်သက်တဲ့ ကိစ္စရပ်များသာ ဖြစ်ရပါမယ်။ ကြိုတင်သတိပေးလိုပါတယ်။ ပထမဦးစွာ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျက်ရှိသဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော ဆည်မြောင်းတာတမံများကို ယခုလာမည့်မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်၊ ပွင့်ဖြူမြို့နယ်မှာရှိသော ကြီးအုံကြီးဝရေလှောင်တမံဟာ မုန်းချောင်းပေါ်တွင် ၂၀၀၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁-၇-၂၀၁၁ တွင် ရေစတင်သိုလှောင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ဖွင့်ပွဲအခမ်း အနားပြုလုပ်ခဲ့ပါတယ်။ လက်ရှိမုန်းချောင်းပေါ်တွင် မုန်းတမံတစ်ခု၊ မုန်းတမံ၏အောက် မိုင်၂၀ ခန့် အကွာတွင် ကြီးအုံကြီးဝရေလှောင်တမံတစ်ခု တည်ဆောက်ထားပါတယ်။ ထို့ပြင် ကြီးအုံကြီးဝတမံ၏ အောက် ခုနှစ်မိုင်ခန့်အကွာတွင် အင်္ဂလိပ်လက်ထက်ကတည်းက တည်ဆောက်ထားခဲ့သော နှစ်ပေါင်း တစ်ရာကျော်ရှိ မဲဇလီရေလွှဲဆည်တစ်ခု တည်ရှိပါတယ်။ ထို့အပြင် မုန်းတမံအထက် မိုင် ၂၀ ခန့်အကွာ တွင် မဟာဘူးခေါ် တမံတစ်ခုကို ဆက်လက်အကောင်အထည်ဖော်တည်ဆောက်ရန် ကြိုးစားနေသည် ကိုလည်း သိရှိရပါတယ်။ မဟာဘူးကိုဆက်လက်ဆောင်ရွက် သင့်/မသင့် အလေးထားတွက်ချက် ဆန်းစစ်သင့်ပါတယ်။ မုန်းချောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ သဘောဆန္ဒအတိုင်းဆိုလျှင် လုံးဝသဘောတူညီကြမည်မဟုတ်ပါ။ ဘာကြောင့်ဆိုလျှင် စေတုတ္တရာမြို့နယ်ရှိ ကျေးရွာများ ရေနစ် မြုပ်၍ ပြောင်းရွှေ့ခဲ့ရခြင်း၊ ဒေသခံပြည်သူများ လယ်ယာမြေများ နစ်မြုပ်ဆုံးရှုံးခြင်း၊ သဘာဝ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးဆုံးရှုံးခြင်းတို့အပြင် ပွင့်ဖြူမြို့နယ်ရှိ ဒေသခံပြည်သူများမှာ မိုးရာသီရောက်လို့ မုန်တိုင်းများဝင်ရောက်လာပြီဆိုရင် ကြောက်ရွံ့ထိတ်လန့်စွာ မအိပ်နိုင်၊ မစားနိုင် ရင်တမမဖြင့် ပြေးလွှားနေရခြင်းတို့ကြောင့် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ကြီးအုံကြီးဝရေလှောင်တမံသည် ၂၀၀၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ တွင် ဖွင့်လှစ်ခဲ့ပါတယ်။ ကုန်ကျငွေ ကျပ်သန်းပေါင်း ၉၂၀၇၀.၈၁ ဖြစ်ပါတယ်။ နည်းပညာတွက်ချက်မှု လွဲမှားခဲ့သဖြင့် ၂၀၁၄ ခုနှစ်တွင် အကျယ် ၂၅၀ ပေရှိ အကူရေပိုလွှဲတစ်ခု ထပ်မံတည်ဆောက်ခဲ့ရ

ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့နှင့် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ကိုမန်မုန်တိုင်းဝင်ရောက်ချိန်တွင် အမြင့်ဆုံးရေအမှတ်(၃၇၃.၃၀)ပေရောက်ရှိခဲ့ပြီး တမံ၏အမြင့်ဆုံးသိုလှောင်နိုင်သောရေအမှတ်(Full Tank Level)မှာ ၃၅၀.၅ ပေဖြစ်ပြီး သတ်မှတ် Level ထက် ၁၈.၃ ပေ ကျော်လွန်ပြီး ရောက်ရှိခဲ့ပါတယ်။ တမံကိုကျော်ရန် ခြောက်ပေသာသာသာလောက်လိုပါတော့တယ်။ ထိုအချိန်တွင် ပင်မရေပိုလွှဲမှ ၃၃.၃၀ ပေကျော်ပြီး အကူရေပိုလွှဲမှ ၂၉.၃၀ ပေကျော်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ၁၀ လပိုင်းတွင် ရေမကျခင်မြင်တွေ့ရသော မြင်ကွင်းများဖြစ်ပါတယ်။ ဒါကတော့ လက်ရှိယိုယွင်းပျက်စီးသွားသော ပင်မရေပိုလွှဲဖြစ်ပါတယ်။ ၎င်းချိုင့်မှာ အနက် ၁၁၅ ပေရှိပြီး အကျယ် ၁၆၃ ပေ ဖြစ်ပါတယ်။ ဒါကတော့ ယခုလက်ရှိစတင်ပြုပြင် ပြင်ဆင်နေသောပုံဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုပျက်စီးယိုယွင်းသွားခြင်းကို ပြီးခဲ့သော ၂၀၁၅ ခုနှစ် ဒီဇင်ဘာနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတို့မှစ၍ ပြန်လည်ပြုပြင်လို့ရသော်လည်း ပြီးခဲ့သောအစိုးရမှာ ပြုပြင်ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ဒါဟာလည်းစဉ်းစားစရာတစ်ခုဖြစ်ပါတယ်။ လက်ရှိအစိုးရသစ်အတွက် ယခုလိုပျက်စီးနေသော ဆည်မြောင်းတာတမံကြီးများဟာ ကြီးမားသော စိန်ခေါ်မှုကြီးတစ်ရပ် ဖြစ်နေပါတယ်။ ယခုလက်ရှိအစိုးရသစ်လက်ထက်တွင် ပြုပြင်မှုများဆောင်ရွက်လျက်ရှိနေသည်ကိုလည်း မျက်မြင်ကိုယ်တွေ့သိရှိခဲ့ပြီးဖြစ်ပါတယ်။ သို့သော် ရရှိသောအချိန်၊ ရရှိသော ငွေနှင့် လုံလောက်မှုမရှိကြောင်း ကြားသိနေရပါတယ်။ ကြီးအုံကြီးဝရေလှောင်တမံပြင်ဆင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနမှ အသုံးပြုမည့် ငွေလုံးငွေရင်းပမာဏမှာ ၃.၅ ဘီလီယံ ဖြစ်ပါတယ်။ သို့သော် ယင်းငွေဟာ ယခုလက်ရှိ ပင်မရေပိုလွှဲပျက်စီးပြင်ဆင်ဖို့အတွက်တောင် လုံလောက်မှုမရှိဟု ကြားသိရပါတယ်။ အကူရေပိုလွှဲနောက်ထပ်ပေ၂၀၀ ချဲ့ရန် လုံးဝမရှိသေးပါ။ အကူရေပိုလွှဲကို ပေ ၂၀၀ ထပ်မံချဲ့ခြင်းနှင့် ပင်မရေပိုလွှဲကို အပြီးသတ်ပြင်ဆင်နိုင်မှ စိတ်ချရသောအနေအထားတစ်ရပ်ဖြစ်ရန် ပညာရှင်များက ခန့်မှန်းထားပါတယ်။ ထိုနည်းတူစွာ အချိန်ကာလအားဖြင့် လေးလအချိန်ယူလုပ်ကိုင်ဆောင်ရွက်မှ ပြီးစီးမည်ဟုလည်း သိရှိရပါတယ်။ သို့သော် လက်ရှိအချိန်မှာ နောက်ထပ် နှစ်လ၊ နှစ်လခွဲထက် ပို၍အချိန်မရှိနိုင်ပါ။ သို့ဖြစ်ပါ၍ လူအင်အားနှင့်စက်ယန္တရားများ ပိုမိုတိုးချဲ့၍ အင်တိုက်အားတိုက် နေ့မနား၊ ညမနားလုပ်ဆောင်ခြင်း၊ လိုအပ်ငွေကို ငွေလုံးငွေရင်းသာမကဘဲ သာမန်ပြုပြင်ထိန်းသိမ်းစရိတ်များမှ တိုးချဲ့ချမှတ်မှသာ အချိန်မီပြီးစီးမည်ဖြစ်ပါတယ်။ ဒါအပြင် ဆည်မြောင်းလောကရဲ့ ယဉ်ကျေးမှုတစ်ရပ်လိုဖြစ်နေသော အောက်ခြေလုပ်ငန်းပိုင်းများ လုပ်ကိုင်ဆောင်ရွက်

ရာတွင် အယိုအဖိတ်၊ အလွင့်အစင်၊ အပျောက်အရှမရှိအောင် သေချာကြပ်မတ် ဆောင်ရွက်သင့်ပြီး အထက်ပိုင်းမှလည်း ယခင်အစိုးရအဆက်ဆက်လို ဇီးသီးဗန်းမှောက်ခြင်းမရှိအောင် အထူးဂရုစိုက်သင့်ပါတယ်။ ဒါမှသာ စံချိန်စံညွှန်းနှင့်ပြည့်မီပြီးခိုင်ခံ့သောတမံတစ်ခု ပြန်လည်ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့်ပြောရမည်ဆိုလျှင် အမေရိကန်နိုင်ငံတွင် ပျက်စီးသွားသော တမံ ၈၀ အနက် ၄၀ ရာခိုင်နှုန်းသောတမံများသည် ရေပိုလွှဲမကောင်း၍ ပျက်စီးခဲ့ရသည်ဟု သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကြီးအုံကြီးဝတမံနှင့် မုန်းတမံရှိ ရေပိုလွှဲများပျက်စီးနေမှုကို အချိန်မီငွေကုန်ကြေးကျခံ မပြင်ဆင်နိုင်ပါက ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာများအားလုံး၊ စလင်း၊ ဆင်ဖြူကျွန်းမြို့နယ်ရှိ ကျေးရွာအချို့နှင့် မင်းဘူး၊ စကုမြို့နယ်ရှိ ကျေးရွာများအချို့၊ ရေနံချောင်းမြို့နယ်ရှိကျေးရွာအချို့နှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်သေကြေပျက်စီးနိုင်ပါတယ်။ ထို့ပြင် ငွေကုန်ကြေးကျခံတည်ဆောက်ထားသော ကြီးအုံကြီးဝရေအားလျှပ်စစ်စက်ရုံများ၊ လယ်မြေဧကပေါင်း ၈၃၀၀၀ ကျော်ရေပေးဝေလျက်ရှိသော နှစ်ပေါင်း ၁၀၆ နှစ်ခန့်ရှိ မဲဇလီရေလွှဲဆည်လည်း ကျိုးပဲ့ပျက်စီးသွားနိုင်ပါသဖြင့် မုန်းတမံနှင့် ကြီးအုံကြီးဝတမံကို အချိန်တိုအတွင်း ငွေလုံးငွေရင်းဖြင့် အလျင်အမြန်ပြီးစီးအောင် ဆောင်ရွက်သင့်ပါသဖြင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏အဆိုကို လေးလေးနက်နက်ထောက်ခံရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်တင်သွင်းထားသော ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျက်ရှိသဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်းဒေသကြီး မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကြီးအုံကြီးဝတမံပျက်စီးမှု၊ စစ်ကိုင်းတိုင်းဒေသကြီး - ချင်းပြည်နယ် နယ်စပ်၊ ရာဇဂြိုလ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်တို့အတွက် ယခုလာမည့်မိုးရာသီမတိုင်မီ အမြန်ဆုံးဆောက်လုပ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မုန်းချောင်းရှိ မုန်းတမံဟာ ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာမြို့တို့ရဲ့ အထက်ပိုင်းတို့မှာတည်ရှိပြီး ကြီးအုံကြီးဝတမံဟာ ပွင့်ဖြူမြို့နှင့် စေတုတ္တရာမြို့ နှစ်မြို့ကြားမှာ တည်ရှိပါတယ်။ မုန်းချောင်းတမံကို ၁၉၉၅-၁၉၉၆ ခုနှစ်မှာ စီမံကိန်းစတင်ခဲ့ပြီး ၂၀၀၆-၂၀၀၇ မှာ စီမံကိန်းပြီးစီးအောင်မြင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လတို့မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာနိုင်ငံမြို့ရွာအတော်များများမှာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သလို မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်း၌လည်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့၍ နစ်နာဆုံးရှုံးမှုများ များစွာပေါ်ပေါက်ခဲ့ပါတယ်။ ထိုရေကြီးရေလျှံမှုကြောင့် စေတုတ္တရာမြို့နှင့် ၎င်းမြို့နယ်ရှိကျေးရွာများ၊ ပွင့်ဖြူမြို့နှင့် ၎င်းမြို့နယ်ရှိကျေးရွာများ၊ စလင်းမြို့နယ်ရှိ ကျေးရွာများသာမက မင်းဘူး၊ စကုမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအတော်များများဟာလည်း မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကြီးအုံကြီးဝတမံတို့မှ ရေလျှံကျလာမှုကြောင့် များစွာပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အချို့နေရာများမှာ ဆိုလျှင် တောင်သူများရဲ့လယ်ယာများစိုက်ပျိုး၍ မရသည့်အခြေအနေထိအောင် ပျက်စီးမှုများရှိခဲ့ရပါတယ်။ ၂၀၁၅ ခုနှစ် ရေဘေးကြောင့် မကွေးတိုင်းဒေသကြီးအတွင်းမှာ အိမ်ထောင်စုပေါင်း ၆၃၆၈၇ အိမ်ထောင်စုနှင့် လူဦးရေပေါင်း ၃၈၀၀၀၀ ကျော်ကို ရေဘေးသင့်ခဲ့ကြောင်း ကြားသိခဲ့ရပါတယ် ခင်ဗျား။ ထိုသို့ နစ်နာဆုံးရှုံးမှုများကို နစ်နာဆုံးရှုံးခဲ့ရသော ဒေသခံဒုက္ခသည်များအား မြန်မာနိုင်ငံအနှံ့မှာရှိတဲ့ ကိုယ်ချင်းစာစိတ်ရှိသော စေတနာရှင်များက ပံ့ပိုးကူညီခဲ့တဲ့အတွက်ကြောင့် လတ်တလော စားဝတ်နေရေးများကို ပြေလည်ခဲ့ပါတယ်။ သို့သော်လည်းပဲ ရေတိုက်စားမှုကြောင့် ပျက်စီးသွားတဲ့ မုန်းတမံနှင့် ကြီးအုံကြီးဝတမံတို့ရဲ့ပျက်စီးမှုဟာ စေတုတ္တရာမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်နှင့် မင်းဘူးစကုမြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံများရဲ့ အသက်အိုးအိမ်စည်းစိမ်တို့ကို ထပ်မံခြိမ်းခြောက်နေသေးကြောင်း သိရှိရပါတယ်။ ဒါကြောင့် တမံအောက်မှာရှိတဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်ကို ခြိမ်းခြောက်လျက်ရှိသော မုန်းတမံ၏ ပင်မရေပိုလွှဲပျက်စီးမှုနှင့် ကြီးအုံကြီးဝတမံရဲ့ ပင်မရေပိုလွှဲပျက်စီးမှုတို့ကို ယခုနှစ် မိုးရာသီမတိုင်မီ အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် အလွန်ပင်အရေးကြီးလှပါတယ်။ ဒါ့အပြင် တမံများရဲ့ ရေကျော်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် မုန်းတမံ၏ အရန်ရေပိုလွှဲအား အသစ်ဖောက်လုပ်ရန်နှင့် ကြီးအုံကြီးဝတမံ၏ အရန်ရေပိုလွှဲအား ထပ်မံတိုးချဲ့ဖောက်လုပ်ရေးတို့အား ယခုနှစ် မိုးဦးကျအမီ အပြီးဆောင်ရွက်ဖို့ရန်လည်း အရေးကြီး လိုအပ်လှပါသဖြင့် ပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်း၍ အမြန်ဆုံးဆောင်ရွက်သင့်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါမှုကြမ်း

တယ်ခင်ဗျား။ ၂၀၁၅ ခုနှစ် ရေကြီးမှုဟာ မုန်းတမံမှာဆိုရင် ရေကျော်ရန် လေးပေခန့်သာလိုတော့ပြီး ကြီးအုံကြီးဝတမံမှ ရေကျော်ရန် ခြောက်ပေခန့်သာလိုတော့တဲ့ အခြေအနေအထိ ရောက်ရှိခဲ့ပါတယ်။ အကယ်၍သာ ရေကျော်ခဲ့ပါက တမံအောက်မှာရှိတဲ့ ပြည်သူတွေရဲ့ ဘဝအခြေအနေဟာ မတွေးဝံ့စရာပင် ဖြစ်ပေါ်ခဲ့ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စာရင်းတွေနှင့် လျှပ်စစ်ဝန်ကြီးဌာနက ထုတ်ပြန်တဲ့အစီရင်ခံစာတွေအရ မြန်မာနိုင်ငံတစ်ဝန်းမှာ ရေလွှဲဆည်တွေ၊ ရေလှောင်တမံတွေ၊ ရေလှောင်ကန် စုစုပေါင်း ၄၇၀ ကျော်ခန့်ရှိတယ်လို့လည်း သိရှိခဲ့ရပါတယ်။ ဒီဆည်တွေ၊ ရေကန်တွေဟာ လယ်ယာစိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေပေးဝေဖို့၊ မြို့ရွာတွေ ရေပေးဝေဖို့၊ ရေလွှမ်းမိုးမှုဒဏ်ကို ဟန့်တားကာကွယ်ဖို့၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့နဲ့ တူးမြောင်းတွေကိုရေဖြည့်ပေးနိုင်ဖို့စတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလို အရင်းအမြစ်တွေကို ဆက်လက်ပြုပြင်ထိန်းသိမ်းခြင်းနဲ့ စနစ်တကျစီမံခန့်ခွဲအသုံးချခြင်းတို့အတွက် သက်ဆိုင်ရာ အစိုးရမှ ကျွမ်းကျင်တဲ့ ပညာရှင်များနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ဖို့လည်း လိုအပ်လှပါတယ်။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားသော ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျက်ရှိသဖြင့် ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်းဒေသကြီး၊ မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကြီးအုံကြီးဝတမံတို့ရဲ့ ပျက်စီးမှုနဲ့ စစ်ကိုင်းတိုင်းဒေသကြီး-ချင်းပြည်နယ်နယ်စပ်၊ ရာဇဂြိုလ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်တို့အတွက် ယခုလာမည့်မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ဖြစ်ပါတယ်။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ၂၀၁၅ ခုနှစ် ရေဘေးကြောင့် ရေပိုလွှဲများပြိုကျပျက်စီးခဲ့တဲ့ မုန်းတမံနှင့်ကြီးအုံကြီးဝတမံနှစ်ခုလုံး

ဟာကျွန်တော်ရဲ့မဲဆန္ဒနယ်မြေ စေတုတ္တရာမြို့နယ်ထဲမှာ အဓိကတည်ရှိပါတယ်။ ချင်းပြည်နယ်က စီးဆင်းလာတဲ့ မုန်းချောင်းဟာ စေတုတ္တရာမြို့နယ်ထဲကဖြတ်ပြီးတော့ ပွင့်ဖြူမြို့နယ်မှတစ်ဆင့် ဧရာဝတီမြစ်ထဲကို စီးဝင်ပါတယ်ခင်ဗျား။ မုန်းတမံဟာ စေတုတ္တရာမြို့ရဲ့အထက် နှစ်မိုင်အကွာမှာ ရှိပါတယ်။ ၁၉၉၆ ခုနှစ်မှာစတင်တည်ဆောက်ခဲ့ပြီး ၂၀၀၆ ခုနှစ်မှာပြီးစီးခဲ့ပါတယ်။ အမြင့်ပေ ၂၀၀၊ အလျားပေ ၆၄၉၀ နှင့် ကန်ရေပြည့်ရေလှောင်ပမာဏ ၆၇၄၄၀၀ ဧကပေ ရှိပါတယ်။ ၁၅ မိုင်ခန့်ရှည်လျားတဲ့ တမံရေဝပ်ဧရိယာမှာ ရွာပေါင်း ၁၃ ရွာ၊ လယ်ယာဥယျာဉ်ခြံမြေဧက ၃၅၀၀ ကျော်နှင့် စေတီတန်ဆောင်းကျောင်းကန်များ နစ်မြုပ်ခဲ့ပါတယ်။ အိမ်တစ်လုံးအတွက်လျော်ကြေး ၅၀၀၀ ကျပ်နှင့် လယ်ယာမြေလျော်ကြေးလုံးဝမရရှိခဲ့ပါ။ ကျွန်တော်တို့ဒေသခံတွေဟာ တောင်ကုန်းမြင့်တွေပေါ်မှာ ဖြစ်သလိုပြောင်းရွှေ့ပြီးတော့ လုပ်ကိုင်စားသောက်စရာ မြေယာမရှိဖြစ်ခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ် ရေဘေးမှာတော့ မုန်းတမံရေပိုလွှဲအထက် ၃၅.၈ ပေအထိ ရေကျော်ခဲ့ပါတယ်။ ပင်မရေပိုလွှဲရဲ့အောက်ခြေပိုင်းတစ်ခုလုံးပျက်စီးသွားခဲ့ပါတယ်။ ရေပိုလွှဲ၊ ဝဲ/ယာရေကာနံရံများလည်း ပျက်စီးသွားခဲ့ပါတယ်။ တမံအမြင့် RL ၅၆၀ ပေမှာ ရေအမှတ် ၅၅၅.၈ ပေအထိ အန္တရာယ်ကြီးမားစွာနှင့် ရေတက်ခဲ့ပြီးတော့ တမံရေကျော်ဖို့ လေးပေခန့်သာ လိုပါတော့တယ်။ တမံရေကျော်ရင်တော့ အောက်ဘက်ကပြည်သူတွေရဲ့ဘဝဟာ မတွေးရဲစရာပါ။ ကြီးအုံကြီးဝတမံကြီးကတော့ စေတုတ္တရာမြို့ရဲ့အောက်ဘက် မိုင် ၂၀ ခန့်အကွာမှာ မုန်းချောင်းကိုပိတ်ပြီးတော့ တည်ဆောက်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာတည်ဆောက်ခဲ့ပြီးတော့ ၂၀၁၂ ခုနှစ်မှာပြီးစီးခဲ့ပါတယ်။ ကြီးအုံကြီးဝတမံရေဝပ်ဧရိယာမှာတော့ ကျွန်တော်တို့စေတုတ္တရာမြို့နယ်ထဲက ကျေးရွာပေါင်း ၁၈ ရွာနှင့် လယ်ယာဉ်ယာဉ်ခြံမြေဧက ၃၅၀၀ ကျော်၊ စေတီတန်ဆောင်းကျောင်းကန်တွေ ထပ်မံနစ်မြုပ်ခဲ့ပါတယ်။

ကြီးအုံကြီးဝတမံရဲ့မိုင် ၂၀ ခန့်ရေပြင်ကြီးဟာ ကျွန်တော်တို့စေတုတ္တရာမြို့နယ်ရဲ့အခြေထိနှစ်စဉ်ပဲဖုံးလွှမ်းလျက်ရှိပါတယ်။ တကယ်တော့ တမံကြီးတွေဟာ တစ်ခုနှင့်တစ်ခုအနည်းဆုံး မိုင် ၅၀ ခန့် ကွာခြားသင့်ကြောင်းလည်း မှတ်သားမိပါတယ်။ ၂၀၁၅ ခုနှစ် ရေဘေးမှာ ကြီးအုံကြီးဝတမံရဲ့အမြင့် RL ၃၈၀ မှာ ၃၇၃.၃ ပေအထိ တက်ခဲ့ပြီးတော့ ရေပိုလွှဲအထက်မှာ ၃၃.၃ ပေရေကျော်ကျကာ ပင်မရေပိုလွှဲထိခိုက်ပျက်စီးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်ရေဘေးကြောင့် စေတုတ္တရာမြို့နယ် ကျေးရွာ ၂၈ ရွာ၊ အိမ်ထောင်စု ၂၅၅၁ စုနှင့် လူဦးရေ ၉၄၉၅ ဦး ရေဘေးသင့်ခဲ့ပြီးတော့ လယ်ယာမြေ ၁၂၂၇ ဧကလည်းပျက်စီးခဲ့ပါတယ်။ တကယ်တော့ စေတုတ္တရာရေဘေးဟာ သဘာဝဘေးမဟုတ်ဘဲနဲ့ Man Made Disaster လူလုပ်တမံကြောင့် နစ်မြုပ်ခဲ့တဲ့ဘေးပါ။ စေတုတ္တရာမြို့ရဲ့သက်တမ်းအနှစ် ၉၀၀ ကျော်မှာ

ဘယ်တုန်းကမှမဖြစ်ခဲ့ဘူးတဲ့ဘေးပါခင်ဗျား။ စေတုတ္တရာမြို့ဟာ အထက်မုန်းတမံရေပြင်ကြီးနှင့် အောက်ဘက်ကြီးအုံကြီးဝတမံရေပြင်ကြီးကြားမှာ ညှပ်နေပါတယ်။ မိုးသည်းထန်စွာရွာသွန်းတဲ့အခါမှာ အပေါ်မုန်းတမံက အပြင်းအထန်စီးကျပြီးတော့ အောက်ဘက်မုန်းတမံရဲ့ရေပြင်ကြီးဟာ မြို့အခြေထိ ပိတ်စီးထားတဲ့အတွက် စေတုတ္တရာမြို့နှင့်ကျေးရွာများ ရေဘေးသင့်ခဲ့ရခြင်းဖြစ်ပါတယ်။ စေတုတ္တရာမြို့ ရဲ့အလယ်မှာ ရေအမြင့် ၁၂ ပေအထိ ဖုံးလွှမ်းခဲ့ပါတယ်ခင်ဗျား။ ရေကြီးနစ်မြုပ်စဉ်မှာ မည်သည့် ကြိုတင်သတိပေးမှုမျှမရှိ၊ မည်သည့်အန္တရာယ်အချက်ပေးမှုမျှမရှိဘဲနှင့် မည်သည့်နေရာကို တိမ်းရှောင်ရန် သတ်မှတ်မှုမရှိ။ မိမိတို့ဘာသာ မြို့မြောက်ဘက် ကုန်းမြင့်တွေပေါ်မှာ တိမ်းရှောင် ပြီးတော့နေခဲ့ကြရပါတယ်။ စေတုတ္တရာမြို့လိုတမံကြီးတွေရဲ့ အောက်နှင့်အထက်မှာရှိတဲ့ ပြည်သူတွေ အတွက် ကြိုတင်ပြင်ဆင်မှုများ၊ ကြိုတင်သတိပေးမှုများနှင့် အရေးပေါ်အချက်ပေးစနစ် (Alarm System)များ စနစ်တကျကူညီကယ်ဆယ်ရေးများ ဆောင်ရွက်သင့်ပါကြောင်းလည်း အကြံပြု တိုက်တွန်းလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံပေါင်း ၇၀ မှာ နှစ် ၇၀ ကျော် တမံ ၆၀၀ နှင့်ရေအားလျှပ်စစ်စက်ရုံ ၉၀ လုပ်ခဲ့တဲ့ Tractebel Engineering အဖွဲ့နှင့် ဆည်မြောင်း ဦးစီးဌာန ပူးပေါင်းပြီးတော့ ရေကြီးမှုဖြစ်ပွားခဲ့တဲ့ မုန်းတမံနှင့်ကြီးအုံကြီးဝတမံများသို့ လေ့လာချက် များအရ မုန်းတမံရဲ့ရေလွှတ်အမြင့်ဟာ အကန့်အသတ်ဖြစ်နေပါတယ်။ တမံရေကျော်မှုဖြစ်နိုင်တယ်လို့ သုံးသပ်ပါတယ်။ ဒါကြောင့် ရေပိုလွှဲကိုစနစ်တကျ အသေအချာတွက်ချက်၍ တည်ဆောက်ဖို့အတွက် အကြံပြုထားခဲ့ပါတယ်။ ယခုအခါ မုန်းတမံရဲ့အထက်မှာ မုန်းချောင်းကိုပိတ်၍ ဘူးတမံတည်ဆောက်ဖို့ အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၁၁၀၀၀ ဖြင့် စတင်တော့မှာဖြစ်ကြောင်း လည်း သိရပါတယ်ခင်ဗျား။ တမံကြီးတွေ တည်ဆောက်ခြင်းကြောင့် လျှပ်စစ်မီးနှင့်စိုက်ပျိုးရေရရှိတဲ့ အကျိုးကျေးဇူးတွေရှိသလို သစ်တောနှင့်သဘာဝသယံဇာတများ သဘာဝပတ်ဝန်းကျင်များ ထိခိုက် ပျက်စီးခြင်း၊ ရေဝပ်ဧရိယာ၊ မြို့/ရွာများ၊ လယ်ယာဥယျာဉ်ခြံမြေများနှင့် လူနေမှုဘဝများ ထိခိုက်ပျက်စီး ခြင်း၊ ငလျင်ဘေး၊ မုန်တိုင်းဘေးကြောင့် ဆည်အောက်မှာရှိတဲ့ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ် များ ထိခိုက်ပျက်စီးနိုင်ခြင်းစတဲ့ ဆိုးကျိုးများကိုလည်းထည့်သွင်း၍ တွက်ချက်ဆောင်ရွက်သင့်ကြောင်း အကြံပြုတိုက်တွန်းပါရစေ။ ၂၀၁၄ ခုနှစ် ကမ္ဘာ့ရာသီဥတုဘေးအန္တရာယ်အညွှန်းအစီရင်ခံစာအရ ရာသီဥတုပြောင်းလဲမှုကြောင့် အဆိုးရွားဆုံးထိခိုက်နိုင်တဲ့ ၁၀ နိုင်ငံမှာ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ဒုတိယမြောက်ရှိကြောင်းလည်း သိရပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် မုန်းတမံနှင့်ကြီးအုံကြီးဝတမံရေပိုလွှဲများကို မိုးမကျမီမှာစံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်ပြင်ဆင်ဖို့လိုသလို တမံရေကျော်မှုအန္တရာယ်ကို ကာကွယ်နိုင်ဖို့အတွက် အရန်ရေပိုလွှဲကိုလည်း အချိန်မီတိုးချဲ့ဖောက်လုပ်ပေးမှသာ ယခုနှစ်မိုးရာသီမှာ တမံအောက်ဘက်မှာရှိတဲ့ စေတုတ္တရာမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်နှင့် စကုမြို့နယ်များမှ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ရဲ့ ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျက်ရှိသဖြင့် ပြည်သူလူထုရဲ့အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်းဒေသကြီး၊ မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံ၊ ကြီးအုံကြီးဝတမံပျက်စီးမှုများနှင့် စစ်ကိုင်းတိုင်းဒေသကြီး-ချင်းပြည်နယ်နယ်စပ်၊ ရာဇဂြိုလ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်တို့အတွက် ယခုလာမယ့်မိုးရာသီမတိုင်မီမှာ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရွှေဘိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီကနေ့မှာ ပုလဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုတွေမှာဆိုရင် ကျွန်မတို့ရဲ့ စစ်ကိုင်းတိုင်းဒေသကြီးဟာလည်း သိသိသာသာထိခိုက်ခံစားခဲ့ရပါတယ်။ အထူးသဖြင့် ကလေး၊ ကောလင်း၊ ကသာစတဲ့ဒေသတွေမှာ ဆိုးဆိုးရွားရွားထိခိုက်ခံစားခဲ့ရသလို ကျွန်မရဲ့မြို့နယ် ရွှေဘိုမြို့နယ်ဟာလည်း အဖျားခတ်လို့တော့ ကြုံတွေ့ခဲ့ရပါတယ်။ အဖျားခတ်လို့ ကြုံတွေ့ခဲ့ရတယ်ဆိုတာတောင် ကျေးရွာပေါင်း ၁၁ ရွာ၊ အိမ်ခြေ ၁၁၇၃၊ အိမ်ထောင်စုပေါင်း ၁၂၈၅ စုနဲ့ လူဦးရေ ၅၉၂၆ ယောက်တို့ဟာ ဒီရေကြီးရေလျှံမှုတွေရဲ့ဆိုးကျိုးတွေကို ခံစားခဲ့ရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီလိုရေကြီးရေလျှံမှုဖြစ်နေတဲ့အချိန်မှာ ကျွန်မတို့ဒေသက ပြည်သူများ တွေးပူတာနှစ်ခုရှိခဲ့ပါတယ်။ အဲဒါကတော့ မိုးတွေကဆက်ရွာနေဦးမှာလား၊ အနီးနားကဆည်မြောင်း

တာတမံတွေကရော အခြေအနေကောင်းပါရဲ့လားဆိုတာပါပဲ။ အနီးနားက ဆည်မြောင်းများလို့ ကျွန်မကဆိုလိုက်တာနဲ့ ကျွန်မတို့နယ်မှာ မူးမြစ်ကိုပိတ်ပြီး တည်ဆောက်ထားတဲ့ သဖန်းဆိပ်ရေလှောင်တမံ၊ အဲဒီရဲ့ အောက်ဘက် ၉ မိုင်အကွာက ကင်းတပ်ရေလွှဲဆည်၊ အဲဒီရဲ့အောက်ဘက် ၂၄ မိုင်အကွာက ကာဘိုးဆည်များကို ကျွန်မဆိုလိုနေတာ ဖြစ်ပါတယ်။ ဒီဆည်တွေ တစ်ခုခုဖြစ်ခဲ့သည်ရှိသော်ဆိုတဲ့ အတွေးက အဲဒီအချိန်တုန်းက ကျွန်မတို့မဲဆန္ဒရှင်ပြည်သူတွေအဖို့ ရတက်မအေးဖွယ်ရာ ဖိစီးနှိပ်စက်ခဲ့ပါတယ်။ အဲဒီအထဲမှာမှ ကျွန်မအနည်းငယ်ပြောလိုတာကတော့ သဖန်းဆိပ်ရေလှောင်တမံကြီးရဲ့ အကြောင်းပဲဖြစ်ပါတယ်။ ဒီရေလှောင်တမံကြီးကို ၁၉၉၆ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၁ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ သူ့ကို ကျပ်ငွေသန်းပေါင်း ၈၉၀၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ရတာဖြစ်သလို အဲဒီဒေသမှာရှိတဲ့ ဒေသခံပြည်သူတွေရဲ့ ဘဝနေထိုင်မှုမြောက်မြားစွာနှင့်လည်း လဲလှယ်ပေးဆပ်စတေးခဲ့ရတဲ့ ဆည်ကြီးတစ်ခုလည်း ဖြစ်ပါတယ်။ သူ့ရဲ့တည်ဆောက်ရေးအတွက် ကျွန်းလှမြို့အပါအဝင် ရွာပေါင်း ၅၇ ရွာ ရေမြုပ်လို့ပြောင်းရွှေ့ပေးရတာတွေ၊ ဘဝရှင်သန်ရပ်တည်ရေးအတွက် လူထောင်ပေါင်းများစွာဟာ လွင်တီးခေါင်ပြင်မှာ ခက်ခက်ခဲခဲရုန်းကန်ရှင်သန်ခဲ့ရတာတွေ ဒါတွေနဲ့ အစပြုခဲ့ရတဲ့ဆည်ကြီးပဲဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့တည်ဆောက်ရေးပြီးစီးတဲ့အခါမှာတော့ ကန်ရေပြည့် ရေလှောင်ပမာဏ ၂၈ သိန်းကျော်ဧကပေကို သိုလှောင်လို့အကျိုးပြုဆည်ရေသောက်ဧရိယာစုစုပေါင်း ၄၉၁၆၈၇ ဧကကို စိုက်ပျိုးရေများကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားကိုလည်း အထိုက်အလျောက် ထုတ်လုပ်ဖြန့်ဖြူးအကျိုးပြုနိုင်ခဲ့ပါတယ်။ အဲဒီတော့ ဒီလိုအကျိုးကျေးဇူးတွေကိုလည်း ကျွန်မတို့သိနားလည်လက်ခံသလို ကျေးဇူးလည်းတင်ဝမ်းလည်းသာရပါတယ်ရှင်။

သို့သော်ပြီးခဲ့တဲ့နှစ် ရေကြီးရေလျှံမှုတွေမှာ ကျွန်မတို့ဒေသခံပြည်သူတွေအဖို့ ဒီဆည်မြောင်းတာတမံကြီးတွေရဲ့ အကျိုးပြုနိုင်စွမ်းထက် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိတဲ့ကပ်ဘေးအန္တရာယ်ကို ပိုပြီးတော့ စိုးရိမ်ကြောင့်ကြပူပန်ခဲ့ရတဲ့ သဘောတွေလည်းရှိခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ဆည်တွေနှင့်ပတ်သက်လို့ရှိရင် ကျွန်မတို့ပြည်သူတွေရဲ့အမြင်မှာ ဆည်တွေတည်ဆောက်တဲ့နေရာက သစ်တောတွေဆုံးရှုံးခဲ့ရင် ရာသီဥတုကဖောက်ပြန်မယ်။ ရာသီဥတုဖောက်ပြန်လို့ မိုးများတဲ့အခါတွေမှာ တောင်ကျချောင်းတွေ၊ မြောင်းတွေကရေတွေဟာ မြစ်ချောင်းတွေထဲကိုစီးဝင်ကြရမယ်။ အဲဒီအခါမှာ ဒီဆည်တွေက တားဆီးထားသလိုဖြစ်တဲ့အတွက် ရေစီးဆင်းမှုတွေဟာနှေးလာပြီး ရေအထွက်နှုန်းနှင့်ပိုလျှံလာတဲ့ရေတွေဟာ မြေနိမ့်ဒေသတွေဆီရောက်သွားပြီး ရေကြီးရတယ်လို့ ကျွန်မတို့ကမြင်ပါတယ်ရှင်။

ဥပမာ ပြီးခဲ့တဲ့နှစ်ရေကြီးခဲ့တဲ့ သဖန်းဆိပ်ဆည်ရဲ့အထက်ပိုင်း ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဗန်းမောက်ဒေသတွေလိုမျိုးဖြစ်ပါတယ်။ အဲဒီလို ဆည်ရဲ့အထက်ပိုင်းဒေသတွေမှာ ရေကြီးရေလျှံမှု ဖြစ်ခဲ့သလို ကျွန်မတို့ ရွှေဘိုမြို့နယ်အပါအဝင် ဆည်အောက်ဘက်ဒေသများမှာလည်း ရေကြီးမှု ဖြစ်ဖွယ်ရာအခြေအနေတွေ တိုက်တိုက်ဆိုင်ဆိုင်ကြုံကြိုက်လာခဲ့ရင်တော့ အန္တရာယ်ကြီးမားလှတယ်လို့ ကျွန်မတို့ကမြင်ပါတယ်။ ဥပမာ ဘယ်လိုအခြေအနေမျိုးတွေလဲဆိုတော့ အထက်ပိုင်းဒေသတွေမှာ မိုးကလည်းကောင်းနေမယ်။ မြစ်တွေ၊ ချောင်းတွေကရေစီးနှုန်းတွေကလည်း နှေးနေမယ်။ ဆည်ရေ လွှတ်ရာ မူးမြစ်ကြမ်းပြင်ဟာ ဒေသခံချောင်းတွေထက်လည်း မြင့်နေမယ်။ တစ်ခါ ဆည်တွေထဲမှာ နုန်းတင်မြေနု ကြမ်းပြင်ပမာဏကလည်း မြင့်တက်နေမယ်။ ဆည်တွေကလည်း သူ့ရဲ့ရေပြည့်မှတ် ကျော်ပြီး ရေပိုလွှဲက လျှံကျလာတဲ့အချိန်မှာ ဒီရေလျှံနှုန်းနဲ့မလုံလောက်ခဲ့လို့ ရေထုတ်ပြွန်တွေကနေ ရေတံခါးတွေဖွင့်ပြီး ဆည်မကျိုးအောင် ရေလွှတ်လိုက်ရတဲ့အခြေအနေဖြစ်ပါတယ်။ ဒီအခြေအနေတွေ မှာဆိုရင်တော့ ဆည်အောက်ဘက်ရှိ ရွှေဘိုမြို့နယ်အပါအဝင် ဆည်အောက်ဘက်ဒေသတွေဟာ တိုးရောက်လာတဲ့ ရေထုထည်ကို တစိမ့်စိမ့်ကြည့်ပြီး ဆည်တွေများကျိုးကျလေမလားလို့ နေ့နေ့ညည စိုးရိမ်စိတ်နဲ့ ကျော်ဖြတ်ရပါတယ်။

သို့ပါသောကြောင့် ကျွန်မအနေနဲ့ လေးလေးနက်နက်အကြံပြုလိုတာကတော့ မူလအဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် ပြည့်ပြည့်စုံစုံတင်ပြခဲ့သလိုပါပဲ။ နိုင်ငံတော်ရဲ့ ဘဏ္ဍာများစွာအသုံးပြုတည်ဆောက်ခဲ့တဲ့ ဒီဆည်မြောင်းတာတမံတွေဟာ သူ့ရဲ့မူလရည်ရွယ်ရင်းရှိခဲ့ သလို နိုင်ငံတော်နှင့်နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကိုသာ အာမခံဖော်ဆောင်ပေးနိုင်တဲ့ ဆည်မြောင်း တာတမံများသာ ဖြစ်သင့်ပါတယ်။ တကယ့်လက်တွေ့မှာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အချိန်မရွေးခြိမ်းခြောက် ပျက်ပြားစေတာမျိုးမဖြစ်ဖို့က ပိုလို့ပိုလို့အရေးကြီးပါတယ်ရှင်။

သို့ပါသောကြောင့် လာမယ့်မိုးရာသီမှာဖြစ်လာနိုင်စရာရှိတဲ့ မိုးကြီးရေလျှံမှုတွေဖြစ်လာတဲ့အခါ မှာ ကျွန်မတို့နိုင်ငံမှာ ဘေးအန္တရာယ်လျော့နည်းစေရေးအတွက် ကျွန်မရဲ့မဲဆန္ဒနယ်မှာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နှင့်တိုက်ရိုက်သက်ဆိုင်နေတဲ့ သဖန်းဆိပ်ရေလှောင်တမံ၊ ကင်းတပ်ရေလွှဲဆည်၊ ကာဘိုးဆည်တို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးက ဆည်မြောင်းတာတမံများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေနဲ့ လုံလောက်တဲ့ကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်တာများကို မဖြစ်မနေ ကြိုတင်ဆောင်ရွက်ထားသင့်ပါကြောင်း ပြည်သူလူထုအားလုံးကိုယ်စား ဆွေးနွေးတင်ပြရင်း ပုလဲ

**မူကြမ်း**

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

## အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ မုန်းချောင်းနှင့် ကြီးအုံကြီးဝဆည်ကြီးနှင့် စေတုတ္တရာအထက်မှာရှိတဲ့ ရာဇဂြိုလ်ဆည်အထက်မှာရှိတဲ့ သဘာဝမြေပြိုကျက်တို့အတွက် လာမည့်မိုးရာသီမတိုင်မီမှာ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုနှင့်ပတ်သက်ပြီးတော့ ဒီအဆိုနှင့်အတူ ထပ်ဆင့်ဆည်တွေနဲ့ ဆက်စပ်နေတဲ့ ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်၊ မင်းဘူးမြို့နယ်၊ စေတုတ္တရာမြို့နယ်နှင့် စလင်းမြို့နယ်တို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထောက်ခံဆွေးနွေးချက်များ အားလုံးအပေါ်မှာ ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေဆိုမယ့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း ဖြစ်ပါတယ်။ ဒီတော့ ပထမဦးဆုံးမေးတဲ့ ကျွန်တော်တို့ မုန်းချောင်းတမံနှင့် ကြီးအုံကြီးဝဆည်တမံနှင့် ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ၂၀၁၅ ခုနှစ် ဇူလိုင်လလယ်မှစ၍ မြန်မာနိုင်ငံအထက်ပိုင်းတွင် မိုးရေချိန်စံချိန်အသစ်များဖြင့် ထူးကဲမိုးရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း(ကိုမန်)၏အရှိန်ကြောင့် မိုးသည်းထန်စွာရက်ဆက်ရွာသွန်းခြင်းဖြစ်ပေါ်ခဲ့သဖြင့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်းရှိ မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံတို့တွင် စီးဝင်ရေအလွန်များပြားစွာ ဝင်ရောက်ခဲ့ပြီး ရေလှောင်တမံ၏ အများဆုံးသိုလှောင်နိုင်သော ပမာဏထက်ကျော်လွန်ကာ ရေပိုလွှဲများမှ မူလဒီဇိုင်းပြုလုပ်ထားသည့် ရေကျော်စီးနှုန်းထက် များစွာပိုမိုပြီး ရေကျော်ကျခဲ့သောကြောင့် ရေပိုလွှဲများတွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

အဆိုပါ ထိခိုက်ပျက်စီးခဲ့သော ရေပိုလွှဲများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် အသေးစိတ်စူးစမ်းလေ့လာခြင်းလုပ်ငန်းများ မဆောင်ရွက်နိုင်မီ ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်ထောင်စုငွေလုံးငွေရင်း

မူလရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့ရာ မုန်းချောင်းရေပိုလွှဲအတွက် ကျပ်သန်း ၁၅၀၀၊ ကြီးအုံကြီး၀ ရေပိုလွှဲအတွက် ကျပ်သန်း ၃၅၀၀ စုစုပေါင်း ကျပ်သန်း ၅၀၀၀ ရန်ပုံငွေရရှိပြီးဖြစ်၍ ဆောင်ရွက်ရန်ရှိသည်များကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်သည့် စူးစမ်းလေ့လာမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးနောက် ရေလှောင်တမံနှစ်ခု၏ ကြံ့ခိုင်မှုနှင့် နောင်ရေရှည်လုံခြုံစိတ်ချနိုင်မှုအတွက် ပျက်စီးခဲ့သောရေပိုလွှဲများကို ပြန်လည်ပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်သည့်အပြင် မူလဒီဇိုင်းပြုတွက်ချက်ထားသည့် ရေထုထည်စီးနှုန်းထက် ပိုမို၀င်ရောက်လာနိုင်သည့်ပမာဏကို နိုင်နင်းစွာလျှော့ချပေးနိုင်ရန်အတွက် မုန်းချောင်းရေလှောင်တမံတွင် အကျယ် ၂၂၀ ပေရှိသော အကူရေပိုလွှဲဖြည့်စွက်တည်ဆောက်ခြင်း၊ ကြီးအုံကြီး၀ရေလှောင်တမံတွင် မူလရှိပြီးဖြစ်သည့် အကျယ် ၂၅၀ ပေရှိသော အကူရေပိုလွှဲအား အကျယ် ၄၅၀ ပေအထိ တိုးချဲ့တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို ယခုနှစ်မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ အထက်ပါ ရေပိုလွှဲများ ပြုပြင်တည်ဆောက်ခြင်းနှင့် အကူရေပိုလွှဲများဖြည့်စွက်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အသေးစိတ်ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးနောက် ထပ်မံလိုအပ်ရန်ပုံငွေကို တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် အခြေခံ၍ အချိန်နှင့် တစ်ပြေးညီ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ဒုတိယပိုင်း ရာဇဝင်္ဂလ်အထက် မြေပြိုကျန်နှင့် ပတ်သက်ပြီးတော့ မေးမြန်းတဲ့မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ခန့်တွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း(ကိုမန်)၏အရှိန်ကြောင့် ချင်းပြည်နယ်တောင်ပေါ်ဒေသများတွင် တစ်ပတ်အတွင်း မိုးရေချိန် ၃၀ လက်မခန့်ရွာသွန်းခဲ့ပြီး တွန်းဇံမြို့နယ်အတွင်းရှိ မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ တီွလ်ွချောင်းဖျားဒေသတွင် မြေစာများဖြင့်ပိတ်ဆို့ပြီး သဘာ၀မြေပြိုကန် ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါ မြေပြိုကန်ဖြစ်ပေါ်နေမှုနှင့်ပတ်သက်၍ အန္တရာယ်ကျရောက်လာနိုင်မှုအခြေအနေများအား ကွင်းဆင်းတိုင်းတာစစ်ဆေးရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်း ၁၄ ဖွဲ့ပူးပေါင်း၍ ၂၈-၁-၂၀၁၆ မှ ၃-၂-၂၀၁၆ ရက်နေ့အထိ ကွင်းဆင်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါမြေပြိုကန်မှာ ကလေးမြို့မှ ၆၈ မိုင်ကွာဝေး၍ ရာဇဝင်္ဂလ်ဆည်အထက်ဘက် ၃၂ မိုင်ခန့်အကွာတွင် တည်ရှိပြီး အလျား ၅၆၀၀ ပေ၊ အနံ ၁၈၅၀ ပေ၊ ပျမ်းမျှအနက် ၁၅၁ ပေခန့်ရှိ၍ ရေလှောင်ပမာဏ ၁၂၅၀၀ ဧကပေခန့်ရှိကြောင်း ကွင်းဆင်းလေ့လာမှုအရ သိရှိခဲ့ရပါသည်။ မြေပြိုကန်မှာ ပြိုကျ

သောမြေစာများဖြင့် အလိုအလျောက်ပိတ်ဆို့သွားသော ကန်တစ်ခုဖြစ်သဖြင့် ကန်၏ကိုယ်ထည်မှ ရေယိုစိမ့်ထွက်ခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး ယခုအချိန်တွင် ကွင်းဆင်းစစ်ဆေးချိန်ကထက် ရေအနက် ၁၀ ပေခန့် လျော့ကျလျက်ရှိကြောင်း သိရှိရပါသည်။ ကန်ကိုယ်ထည်၏အနေအထားအရ လက်ရှိကာလတွင် ကျိုးပေါက်ရန် မဖြစ်နိုင်သော်လည်း မိုးရာသီတွင် စီးဝင်ရေများ ထပ်မံဝင်ရောက်ပြီး ရေကျော်ကျခြင်း၊ ရေတိုက်စားခြင်းများကြောင့် ကန်ကိုယ်ထည်ကျိုးပေါက်မှု ဖြစ်ပေါ်လာနိုင်ပါသည်။

ရာဇဂြိုလ်ရေလှောင်တမံ ရေပိုလွှဲ၏ ဒီဇိုင်းရေထုထည်စီးနှုန်းမှာ တစ်စက္ကန့်လျှင် ၆၉၄၅၀ ကုဗပေဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် မိုးရာသီရေကြီးရေလျှံမှုဖြစ်စဉ်တွင် ရေပိုလွှဲမှ အမြင့်ဆုံး ၁၃.၆ ပေခန့် ရေကျော်ကျခဲ့ရာ ရေထုထည်စီးနှုန်းတွက်ချက်မှုအရ ၆၅၀၀၀ ကုဗပေ/စက္ကန့်ခန့်ရှိသဖြင့် ၂၄ နာရီကာလတွင် ရေထုထည်ဧကပေ ၁၃၀၀၀၀ ခန့် ရေပိုလွှဲမှ စီးထွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ယခုအချိန် မြေပြိုကန်တွင်ရှိနေသော ရေလှောင်ပမာဏဟာ ရာဇဂြိုလ်ရေလှောင်တမံ ရေပိုလွှဲမှ ၂၄ နာရီအတွင်း အမြင့်ဆုံးကျော်ကျခဲ့သော ရေထုထည်ပမာဏ၏ ၁၀ ပုံ ၁ ပုံခန့်သာရှိသည့်အတွက်ကြောင့် မြေပြိုကန် ကျိုးပေါက်လာပါက ရောက်ရှိလာနိုင်မည့် ရေထုထည်ပမာဏအား ရာဇဂြိုလ်ရေပိုလွှဲမှ ကောင်းမွန်နိုင်နင်းစွာနှင့် ဘေးအန္တရာယ်ကင်းစွာ စီးထွက်စေနိုင်မည်ဖြစ်ပါသည်။

မြေပြိုကန်တည်ရှိရာဒေသမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော၊ ဝေးလံသောတောင်ပေါ်ဒေသဖြစ်ခြင်းကြောင့် ကန်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် စက်ယန္တရားကြီးများ ပို့ဆောင်နိုင်ရန် မြေပြိုကန်သို့ သွားရောက်မည့်လမ်းကို ပထမအဆင့်အနေဖြင့် အချိန်ယူ ဖောက်လုပ်ရမည်ဖြစ်ခြင်း၊ အဆိုပါမြေပြိုကန်မှာ ဌာန၏စီမံအုပ်ချုပ်မှုအောက်မှ တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းမဟုတ်သဖြင့် ရန်ပုံငွေတင်ပြတောင်းခံထားမှုမရှိခြင်း၊ မိမိတို့ဌာနတစ်ခုတည်းအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဆက်စပ်ပတ်သက်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ခြင်း စသည်တို့ကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ဦးဆောင်၍ ဆောင်ရွက်သွားရမည့်လုပ်ငန်း ဖြစ်ပါသည်။ မြေပြိုကန်၏ဝဲ/ယာတွင် ရေမြောင်းတူး၍ ဖောက်ချနိုင်ရန် စီမံဆောင်ရွက်ခြင်း၊ မြေပြိုကန်နှင့် အောက်ဖက်ရှိ ရာဇဂြိုလ်ရေလှောင်တမံအကြား နေရဋ္ဌရာမြစ်ပေါ်တွင် နှန်းဖမ်းဆည်သုံးခု တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အသေးစိတ်စူးစမ်းလေ့လာမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

မှူကြမ်း

မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မုန်းချောင်းရေလှောင်တမံ၊ မန်းချောင်းရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံနှင့် တံခွန်ရေလှောင်တမံ စသည့်ရေလှောင်တမံများ၏ ပြင်ဆင်ထိန်းသိမ်းနေမှု အခြေအနေများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် သက်ဆိုင်ရာဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ကျွမ်းကျင်အင်ဂျင်နီယာများပါဝင်သောအဖွဲ့ဖြင့် ၂၀၁၆ ခုနှစ်၊ မေလ ၁၄ ရက်နှင့် ၁၅ ရက်နေ့များတွင် ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်ချက်များအပေါ်မှာ ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိမှာလည်း ပြီးခဲ့တဲ့ သောကြာနေ့မှစ၍ ယနေ့ထိတိုင် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဝန်ကြီးကလည်း သက်ဆိုင်ရာဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်နှင့် ကျွမ်းကျင်အင်ဂျင်နီယာများအဖွဲ့နှင့် သွားရောက်ပြီးတော့ ဒီမုန်းချောင်းနှင့် ကြီးအုံကြီးဝဆည်ကြီးတို့ရဲ့ စိုးရိမ်ဖွယ်ရာ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မှုလုပ်ငန်းများကို ယခုလက်ရှိမှာ သွားရောက်ကြီးကြပ်ပြီးတော့ ဆောင်ရွက်လျက်ရှိနေကြောင်း အသိပေးအပ်ပါတယ်။

သို့ပါ၍ မကွေးတိုင်းဒေသကြီး၊ မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကြီးအုံကြီးဝတမံတို့၏ ရေပိုလွှဲများ ပျက်စီးမှုများနှင့်ပတ်သက်၍ မိုးမကျမီ အချိန်မီပြီးစီးနိုင်ရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး-ချင်းပြည်နယ် နယ်စပ်ရာဇဗြိုလ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ယခုလာမည့် မိုးရာသီမတိုင်မီပြီးစီးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုနှင့် ထောက်ခံမှုမှတ်တမ်းများကို မှတ်တမ်းတင်ထားသင့်ပါကြောင်း ဖြေကြားအပ်ပါသည်။ ယင်းအပြင် ယခု စိုးရိမ်ပူပန်မှုနှင့်ပတ်သက်၍ အခုဆက်လက်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာမှာ အခုလက်ရှိဆောင်ရွက်နေဆဲနှင့် ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများအပေါ်ကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စုကိုယ်စားလှယ်ကြီးများက ဆက်လက်ပြီးတော့ စောင့်ကြည့်ဝေဖန်သုံးသပ်သင့်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့သဘောထားကို ဒုတိယဝန်ကြီးက ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**မူကြမ်း**

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ကျွန်မရဲ့ တင်ပြခဲ့တဲ့အဆိုရဲ့ အပေါ်မှာ ဒုတိယဝန်ကြီးရဲ့ ပြန်လည်ဖြေကြားချက်နှင့် ပတ်သက်ပြီးတော့ ကျွန်မအနေနဲ့ အနည်းငယ် ပြန်လည် ရှင်းလင်းတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ အဆိုတင်ပြခဲ့တဲ့ သုံးပတ်လောက်ကာလ အတွင်းမှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ အရေးတယူဆောင်ရွက်ခဲ့မှုများအတွက်ရော၊ ဒီကနေ့ ကျွန်မရဲ့ အဆိုအပေါ်မှာ အလေးအနက်ထား ဆွေးနွေးရှင်းလင်းတင်ပြခဲ့တာအတွက်ကိုရော၊ ဒုတိယဝန်ကြီး ကိုရော၊ ဥက္ကဋ္ဌကြီးကိုရော ကျွန်မကျေးဇူးတင်ပါတယ်။ ကျွန်မရဲ့အဆိုရဲ့ ပထဝီဝင်ဆိုင်ရာ အပိုင်း ၂ ခုအတွက် နဂိုသိပြီးသားဖြစ်တဲ့အချက်အလက် ဘေးဒုက္ခဖြစ်နိုင်တဲ့ ဒီနေ့ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးရဲ့ ရှင်းလင်းတင်ပြတဲ့အချက်တွေအပေါ်မှာ ပြန်လည်ပြီးတော့ အနည်းငယ် ရှင်းလင်း ပါရစေရှင်။ ရာဇဂြိုလ်ဆည်နဲ့ သူ့ရဲ့အထက်က သဘာဝဖြစ်တဲ့ မြေပြိုကန်တွေဟာ ကလေးလွင်ပြင် ဒေသခံအတွက်တော့ အိပ်မက်ဆိုးပါပဲ။ ဒါကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဝန်ကြီးချုပ်များက လေ့လာခဲ့ကြတာကိုတော့ ကျွန်မတို့ ကြားသိရပါတယ်။ ဒီအတွက်တော့ အင်မတန်အားတက်မိပါတယ်။ ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေအပေါ်မှာတော့ လုံလောက်ပြည့်စုံပါရဲ့လားလို့ ကျွန်မတို့ ရိုးသားစွာနဲ့ သံသယရှိနေတုန်းပဲ ဖြစ်ပါတယ်။ မနှစ်ကရေကြီးမှုဟာ အနည်တွေအဖြစ်ဝင်ခဲ့တဲ့အတွက် ရာဇဂြိုလ်ဆည်ရဲ့ဒီဇိုင်းသက်တမ်းဟာ အလွန်အမင်း လျော့ကျသွားပြီး ဒီအချိန်မှာ မိုးကြီးလို့များ ပြိုကျခဲ့ရင် ရာဇဂြိုလ်ဆည်ရဲ့ရေဟာ အနည်းဆုံး ၁၀ ပေထက်မနည်း ရုတ်တရက်မြင့်တက်လာ နိုင်တယ်လို့ သွားရောက်လေ့လာတိုင်းတာခဲ့တဲ့ ဌာနဆိုင်ရာများ ပါဝင်တဲ့ပညာရှင်တွေက ယုံကြည် ထားပါတယ်။ အခု ဒုတိယဝန်ကြီးပြောသွားတဲ့ နုန်းတားဆည်ကြီးများ တည်ဆောက်ခဲ့ရင်တောင်မှ ရုတ်တရက်ဖြစ်နိုင်မှု အားပျော့သွားနိုင်ပေမယ့် အလုံးအရင်းနဲ့ အင်တိုက်အားတိုက် ဝင်လာမယ့်ရေထု ကို ထိန်းချုပ်နိုင်ဖို့ဆိုရင် ရာဇဂြိုလ်ရဲ့ ပုံမှန်ရေပမာဏကို လျှော့ချထားရမှာ ဖြစ်ပါတယ်။ ဒုတိယဝန်ကြီး ရှင်းပြတဲ့အထဲမှာ မိုးကျဖို့ ဘယ်လောက်မှသိပ်မလိုတော့တဲ့အခုချိန်မှာ ရေလျှော့ဖို့ လမ်းကြောင်း တောင်မှ သေသေချာချာမဖော်နိုင်သေးတာကို ဒုတိယဝန်ကြီးအနေနဲ့လည်း ရှင်းပြမသွားနိုင်သေးပါ ဘူး။ ကျွန်မတို့လည်း ဒီအချက်တွေကို လည်းကြားသိနေရပါတယ်ရှင်။ ဒီဆည်ကြီးသာရေကျော်ပြီး ကျိုးပြတ်ခဲ့ရင် ကလေးပတ်ဝန်းကျင်ဒေသကျေးရွာတွေဟာ မနေ့ကထက် အကြီးအကျယ်အခြေအနေ ဆိုးမှာပါ။ မနှစ်ကကျန်ခဲ့တဲ့ နုန်းထုဟာ သုံးပေကနေ ရှစ်ပေလောက်ရှိခဲ့ပေမယ့် ဒီအတိုင်းသာ အဖြစ် ဆိုးမျိုးနဲ့ ကြုံမယ်ဆိုရင်တော့ ပြည်သူလူထုတွေဟာ ဒီနုန်းမြေတွေရဲ့အောက်မှာ နာရီပိုင်းအတွင်း

ကျွန်မတို့ ကျောက်ဖြစ်ရုပ်ကြွင်းတွေလို ဖြစ်သွားနိုင်ပါတယ်။ ဝမ်းနည်းစရာက ဒီလိုဖြစ်နိုင်ခြေရှိမှန်းစဉ်းစားသိနိုင်တာက တစ်နှစ်ပြည့်လုနီးပါး ဖြစ်ပါသည်။ အခုချိန်ထိဆိုရင် အရင်အစိုးရရဲ့လက်ထက်မှာ ကိုးလ၊ ယခုအစိုးရသစ်ရဲ့လက်ထက်မှာ တစ်လပြည့်ပြီးတာတောင်မှ ထိရောက်တဲ့ အရေးယူဆောင်ရွက်မှုတွေကို ကျွန်မတို့ မတွေ့ရှိခဲ့ရပါဘူး။ ဒါဟာ အင်မတန်မှ ပြည်သူလူထုရဲ့အသက်အိုးအိမ်စည်းစိမ်အတွက် စိတ်ပူစရာဖြစ်နေပါတယ်။

ဒုတိယပိုင်းအနေနဲ့ကတော့ ဥက္ကဋ္ဌကြီးရှင်။ မုန်းချောင်းနဲ့ ကြီးအုံကြီးဝဆည်တွေဟာ တာဝန်ရှိတဲ့ ပြည်ထောင်စုဝန်ကြီးနဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်တွေ မနေ့ကပဲ သွားရောက်စစ်ဆေးခဲ့တာကို ကျွန်မတို့ လူမှုစာမျက်နှာကနေ တွေ့နေရပါတယ်။ တင်ထားတဲ့ ဓာတ်ပုံတွေကို ကျွန်မတို့ တွေ့ရပါတယ်။ ဒီအတွက်လည်း ကျွန်မတို့ ဝမ်းသာအားတက်ပါတယ်။ ဒီအပျက်အစီးတွေကို မဖြေရှင်းနိုင်တာဟာ ရန်ပုံငွေ အခက်အခဲကြောင့်လို့ ဝန်ကြီးကလည်း ရှင်းပြသွားပါတယ်။ ရန်ပုံငွေထပ်မံတောင်းခံနေတယ်လို့ ကျွန်မတို့ သိရပါတယ်။ အဲဒီတော့ ကြီးအုံကြီးဝတမံရဲ့ ဂူလှိုင်အပေါက်ကြီးကို ပြင်ဖို့ရန်အတွက် ၃.၅ ဘီလီယံနဲ့ အကူရေပိုလွှဲအတွက် ပြင်ဆင်ဖို့ရန် ပေ ၂၀၀ ချဲ့ဖို့ရန်အတွက် ၂.၅ ဘီလီယံ စုစုပေါင်း ၆ ဘီလီယံ တောင်းထားတယ်လို့ ကျွန်မတို့ ကြားသိရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဘတ်ဂျက်နဲ့ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ လွှတ်တော်မှာလည်း ကျွန်မတို့ အမြဲမပျက်အစဉ်တစိုက် ဆွေးနွေးခဲ့ပါတယ်။ ကျွန်မကိုယ်တိုင်လည်း ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မတီက ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ ဒီနေရာမှာ ပြည်သူ့လွှတ်တော်အတွင်းမှာ ရ/သုံးငွေစာရင်းတွေနဲ့ပတ်သက်ပြီးလို့ရှိရင် အခု ကျွန်မတို့ လေ့လာဆန်းစစ်ထားတာလေးကို အနည်းငယ် တင်ပြပါရစေရှင်။ အခုပြောတဲ့ ဘေးဖြစ်စေနိုင်တဲ့ တစ်နည်းအားဖြင့် လွန်ခဲ့တဲ့မိုးတွင်းက ပျက်စီးခဲ့တဲ့ ဆည်တွေအတွက် ရန်ပုံငွေကိစ္စအကြောင်းပြချက်ဟာ အင်မတန်မှ အံ့ဩစရာကောင်းတယ်လို့ ကျွန်မမြင်ပါတယ်။ ဘတ်ဂျက်အနေနဲ့ ပြောမယ်ဆိုရင် RE ဘတ်ဂျက်လို့ခေါ်တဲ့ထပ်တိုးဖြည့်စွက်တောင်းခံငွေဆိုတာဟာ အရင်နှစ်ငွေစာရင်းမှာ ရှိခဲ့ပြီး ဖြစ်ပါတယ်။ လွန်ခဲ့တဲ့လွှတ်တော်မပြီးဆုံးခင်ကတည်းက ၂၀၁၅ ခုနှစ် နိုဝင်ဘာလက ဒီအဖြစ်အပျက် ဖြစ်ခဲ့ပြီးတဲ့နောက်မှာထပ်မံခွဲဝေပေးခဲ့ကြသလို အခု ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာလည်း ငွေလုံးငွေရင်း အသုံးစရိတ်ဆိုတာရှိပါတယ်။ အဲဒီအခြေအနေတွေကို ဌာနကြီးတွေရဲ့ ပညာရှင်တွေလေ့လာဖော်ထုတ် ချက်အပေါ်မှာစဉ်းစားပြီးရင် အဆိုပါ ဘတ်ဂျက်နှစ်ခုမှာ အလုံအလောက်တောင်းယူနိုင်ခဲ့ပါတယ်။ အဲဒီလို တောင်းယူဖို့လည်းသင့်ပါတယ်။ ဒါပေမဲ့ တခြားစီမံကိန်းအသစ်တွေပေါ်မှာပဲ အလေးထားနေခဲ့ပါတယ်။

**မူကြမ်း**

နိုင်ငံတော်သမ္မတကြီးရဲ့ သီးသန့်ရန်ပုံငွေသုံးစွဲရန် ကျွန်မတို့ လွှတ်တော်ကြီးပြီးဆုံးခါနီးမှာ တောင်းထားသဖြင့် အဲဒီငွေထဲမှာလည်း ဒီဆည်တွေအတွက် ထည့်သွင်းလျာထားခဲ့တာကို မတွေ့ရပါဘူး။ ဒါတင်ပဲလားဆိုတော့လည်း မဟုတ်သေးပါဘူး။ နှစ်စဉ် ယခင် လယ်/ဆည်ဝန်ကြီးဌာနအတွက် ၀၄-၀၉ လို့သိကြတဲ့ ဆည်မြောင်းပြုပြင်ထိန်းသိမ်းမှုရန်ပုံငွေ ဒါဟာ နှစ်စဉ် ကျပ်သန်းပေါင်း ၅၀၀၀၀ လောက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာဆိုလို့ရှိရင် ကျပ်သန်းပေါင်း ၄၉၃၅၈၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၅၅၀၄၁၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၄၅၈၁၄ နဲ့ အခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၅၀၃၈၄ ကျော် လျာထားပြီးသားရှိပါတယ်။ ဒီစရိတ်တွေဟာ ဆည်တွေပြုပြင် ထိန်းသိမ်းဖို့နဲ့ အခုလို အရေးပေါ်ကိစ္စတွေအတွက်ခွဲဝေထားခြင်းပဲဖြစ်ပါတယ်။ ပုံမှန်အားဖြင့်ဆိုရင်တော့ ဒီရန်ပုံငွေဟာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိနေပြီးတော့ ဌာနခွဲတွေ၊ လုပ်ငန်းခွဲတွေကို ၆၀ ရာခိုင်နှုန်း ကြိုတင်ထုတ်ပေးထားပြီးတော့ ၄၅ ရာခိုင်နှုန်းခွဲဝေပေးထားပြီးတဲ့အခါမှ ကျန်တဲ့ ၄၀ ရာခိုင်နှုန်းလောက်ကိုတော့ အရေးပေါ်ကိစ္စတွေအတွက် ထားရတယ်လို့ ကျွန်မတို့ စုံစမ်းသိရှိရပါတယ်။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင်တော့ ဘီလီယံ ၂၀ လောက်ဟာ လွန်ခဲ့တဲ့ ဆောင်းရာသီကာလ ခြောက်လလုံးမှာ သုံးစွဲနိုင်တဲ့အခြေအနေ ဝန်ကြီးဌာနမှာရှိပါတယ်။ အလားတူပါပဲ ဒီနှစ် ဘတ်ဂျက်မှာလည်း ဧပြီလ ၁ ရက်နေ့ကနေစလို့ ဒီရန်ပုံငွေဘီလီယံ ၅၀ လောက်ကို အရေးကြီးမှု အနေအထားလိုက်ပြီးတဲ့အခါမှာ သုံးစွဲခွင့်ရှိပါတယ်။ ဝန်ကြီးအဆင့်တွေသာသိတဲ့ ငွေလုံးငွေရင်းအသုံးစရိတ်အပြင် ကျွန်မတို့ အဲဒီအသုံးစရိတ် နည်းနေခဲ့လို့ရှိရင် ကျန်အသုံးစရိတ်မှာ ညွှန်ကြားရေးမှူးချုပ်ရဲ့ စီမံခန့်ခွဲပိုင်ခွင့်ငွေတွေရှိနေတယ်ဆိုတာကို မေ့ထားလို့ မရပါဘူး။ အဲဒီတော့ ဘာကြောင့်ဒါတွေကို မသုံးစွဲခဲ့တာလဲဆိုတာကို ကျွန်မတို့ ပြန်လည်ဆန်းစစ်ဖို့လိုပါတယ်။ အခုချိန်ကျမှ ပြည်သူ့လွှတ်တော်ကြီးမှာ လွှတ်တော်ကိုယ်စားလှယ်များက စိုးရိမ်ပူပန်စွာတင်ပြမှ ဒါတွေကို ပြင်ဆင်ဖို့ရန်အတွက်ကို ဝန်ကြီးတွေလည်း အခုမှ သွားကြည့်နေတယ်။ နောက်ထပ် ရန်ပုံငွေတွေရလို့ရှိရင်တော့ အလျင်အမြန်ဆောင်ရွက်ပါမယ်လို့ ဒီလိုပြောနေတာတွေဟာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တွေက တာဝန်ယူခဲ့တဲ့တစ်လအတွင်း လေ့လာသုံးသပ်ဆောင်ရွက်မှုတွေကိုပဲ မြင်ရပြီးတော့ ဒီအရှေ့ ခုနစ်လလုံးလုံးမှာ သက်ဆိုင်ရာဌာနတွေက အရေးယူလုပ်ဆောင်ချက်တွေကိုတော့ ငွေတောင်းခံမှုကလွဲပြီး မမြင်ရတာဟာ အင်မတန်မှ ဝမ်းနည်းစရာကောင်းပါတယ်။ ဘယ်အစိုးရ၊ ဘယ်ပါတီပဲအုပ်ချုပ်အုပ်ချုပ် ဝန်ထမ်းအဖွဲ့အစည်းဆိုတာအမြဲရှိနေရမှာပါ။ နိုင်ငံသူ/နိုင်ငံသားတွေအတွက် တာဝန်ယူဆောင်ရွက်နေရတဲ့အတွက် အခု

တွေ့နေရတဲ့ Institutional Disintegration ဖြစ်တဲ့ကိစ္စဟာတော့ အင်မတန်မှကို စိုးရိမ်ပူပန်စရာကောင်းပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ဒီနေ့တင်ပြနေတာတွေဟာ နိုင်ငံသူ/နိုင်ငံသားတွေအပေါ်ကျရောက်လာမယ့် သဘာဝဘေးအန္တရာယ်ကို ကျွန်မတို့ စိုးရိမ်လို့ဖြစ်ပါတယ်။ ဒီအဆိုကိုလည်း ခုနကတုန်းက ထောက်ခံသွားကြတဲ့ ကျွန်မတို့ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ ကိုယ်တိုင်ကလည်း ကိုယ်တိုင်ကြုံတွေ့ တင်ပြခဲ့ကြတာဖြစ်တဲ့အတွက်ကြောင့် ဒီဘေးဒုက္ခဟာ တစ်သက်လုံးကြိုးစားရုန်းကန်လာရတဲ့ ကျွန်မတို့ ပြည်သူလူထု မိသားစုတွေရဲ့ဘဝကို အချိန်တိုအတွင်းမှာ သုညအခြေအနေထိ ရောက်သွားစေနိုင်ပါတယ်။ ဘေးဒုက္ခဆိုတာဟာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ မြို့နယ်မှာရှိတဲ့ ဆင်းရဲချမ်းသာ၊ အမျိုး၊ ဘာသာ၊ ပါတီယုံကြည်ချက်၊ တပ်မတော်သားလား၊ အရပ်သားလား၊ ဘယ်သူ့ကိုမှမခွဲခြားဘဲ အားလုံးကို အချိန်တိုအတွင်းမှာ ဒုက္ခပေးသွားနိုင်ပါတယ်။ အဲဒီတော့ ပြည်သူလူထုတွေအနေနဲ့ကတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့လူတွေရဲ့ ရှင်းလင်းတင်ပြချက်ကို မျက်ကန်းတစ္ဆေမကြောက် ယုံကြရမှာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ မိမိရဲ့ အိမ်ပေါ်မှာ။

**ဥက္ကဋ္ဌ။** ။ ဒေါ်ခင်စန်းလှိုင် နိဂုံးချုပ်ပါ။ အဆိုနှင့်ပတ်သက်တာကိုပဲ ဆွေးနွေးပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ အဲဒီတော့ မိုးမပြို၊ ပြိုခဲ့သည်ရှိသော် ဘယ်လိုဆောင်ရွက်မလဲဆိုတာကို ကျွန်မတို့ ပြုသူလူထုတွေရဲ့ကိုယ်စား ကျွန်မတို့ စိုးရိမ်ပူပန်မှုရှိပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီကနေ့ဆိုလို့ရှိလို့ရှိရင် ဒါဟာ မေလရဲ့ တတိယအပတ်ထဲကို ရောက်လာပြီး ဖြစ်ပါတယ်။ နောက်ထပ် ရက်သတ္တပတ် ငါးပတ်ကနေ ခြောက်ပတ်လောက်အတွင်းမှာ မြစ်ချောင်းတွေ ရေကြီးရေလျှံတဲ့ကာလရောက်တော့မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ယခုဆိုလို့ရှိရင်လည်း မြောက်ပိုင်းကချင်ပြည်နယ်မှာရော၊ တောင်ပိုင်း ဝေန်မြစ်မှာရော မြေပြို၊ တောင်ပြိုမှုတွေ၊ ရေလျှံမှုတွေဖြစ်နေတာကို ကျွန်မတို့ ကြားရပါတယ်။ ဒီရက်တွေမှာလည်း ဘင်္ဂလားပင်လယ်အော်မှာ။

**ဥက္ကဋ္ဌ။** ။ အဆိုရှင်သဘောထားပဲပြောပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ ဒီတော့ မုန်တိုင်းကလည်း ခြိမ်းခြောက်မှုတွေရှိနေပြီဆိုတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့အခုအချိန်မှာ ပြည်သူလူထုတွေအနေနဲ့ကလည်း စိုးရိမ်ပူပန်မှုတွေရှိနေပြီ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ပြည်သူလူထုတွေရဲ့ စိုးရိမ်ပူပန်မှုတွေ လျှော့ချနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ရော၊ တာဝန်ရှိသောပုဂ္ဂိုလ်များအနေနဲ့ရော ကျွန်မတို့ရဲ့

ဒီဆောင်ရွက်နေတဲ့ ဆောင်ရွက်ချက်တွေအပေါ်မှာ ပြည်သူလူထုတွေ နားလည်ရှင်းလင်း သဘော ပေါက်အောင် ပြောဆိုနိုင်တဲ့ အခြေအနေတစ်ခုကို ဖန်တီးပေးပြီးတော့ ယနေ့ ကျွန်မတင်ပြတဲ့ အဆိုကို လွှတ်တော်ကြီးကနေ မှတ်တမ်းတင်ပြီးတော့ ကျွန်မတို့ ဒါလေးကို ပြန်လည်ပြီး စောင့်ကြည့်ထိန်းသိမ်း ပေးပါလို့ ကျွန်မအနေနဲ့ တင်ပြရင်းနိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့ အဆိုကို ကိုယ်စားလှယ် လေးဦးက ဆွေးနွေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ရှင်းလင်းပြောကြား သွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက လွှတ်တော်မှာ မှတ်တမ်းတင်စောင့်ကြည့်ဖို့ သဘောထားပေးပါတယ်။ ထို့အတူပဲ အဆိုရှင် ဒေါ်ခင်စန်းလှိုင်ကလည်း လွှတ်တော်ကနေပြီးတော့ မှတ်တမ်းတင်စောင့်ကြည့်ဖို့ သဘော ထားပေးပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ခင်စန်းလှိုင်တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## စက်မှုဝန်ကြီးဌာနက ပေးပို့သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီး ကာကွယ် ရေး နည်းဥပဒေများနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့် စပ်လျဉ်း၍ ၆-၅-၂၀၁၆ ရက်နေ့တွင် လွှတ်တော် သို့လက်ခံရရှိကြောင်း အသိပေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၎င်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင် လိုသည့်အပိုဒ်၊ အပိုဒ်ခွဲများအလိုက် ၁၁-၅-၂၀၁၆ ရက်နေ့ နောက်ဆုံးထားရန် အမည်စာရင်းပေးပို့ ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေး နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုချက်များ ဆောင်ရွက်ပါ့မယ်။ အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုနိုင်ရေးတင်ပြဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြု

ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းနှင့် ဥပဒေကြမ်းကော်မတီတို့က ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းက ပြင်ဆင်ထားသည့်အချက်သုံးချက်အား တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁ အမှတ်စဉ် ၁ ဖြစ်ပါတယ်။ နည်းဥပဒေ ၁၂ မှာ မူလပြဋ္ဌာန်းထားတာကတော့ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ ဆိုင်ရာလုပ်ငန်းများလုပ်ကိုင်ခြင်းနှင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ရန်နေရာကို လူနေရပ်ကွက်များ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၊ သမိုင်းဝင်အထိမ်းအမှတ်နေရာများ၊ ကျော်ကြားသော ရှုမျှော်ခင်းများ၊ ဇီဝမျိုးခွဲထိန်းသိမ်းသောနေရာများ၊ ရေပေးဝေသောနေရာများနှင့် အန္တရာယ်ကင်းသော အကွာအဝေးဖြစ်စေရန် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်နိုင်သည်လို့ ဖော်ပြထားတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အဆိုပြုတင်ပြချက်ကတော့ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ သိုလှောင်ခြင်းပြုမည့်နေရာတို့ကို လူနေရပ်ကွက်များ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၊ သမိုင်းဝင်အထိမ်းအမှတ်နေရာများ၊ ကျော်ကြားသောရှုမျှော်ခင်းများ၊ ဇီဝမျိုးခွဲထိန်းသိမ်းသောနေရာများ၊ ရေပေးဝေသောနေရာများနှင့် အန္တရာယ်ကင်းဝေးသော အကွာအဝေးဖြစ်စေရန် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း အမျိုးအစားအပေါ်မူတည်၍ သတ်မှတ်နိုင်သည်ဆိုပြီး ပြင်ဆင်ချက် တင်သွင်းသွားမှာဖြစ်ပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံ

အခြေခံဥပဒေပုဒ်မ ၉၇ ပုဒ်မခွဲ(က)အရ နည်းဥပဒေများကို ထုတ်ပြန်ခွင့်အပ်နှင်းထားသော်လည်း ပုဒ်မ ၉၇ ပုဒ်မခွဲ(ဂ)အရ ပြင်ဆင်ချက်တင်သွင်းရခြင်း ဖြစ်ပါတယ်။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(စ)မှာလည်း ဗဟိုဦးစီးအဖွဲ့ဟာ တိကျစွာ သတ်မှတ်ပေးရန် ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ သို့သော် သိုလှောင်ရန်နေရာကိုဆိုသည်မှာ ယာယီသာ ဖြစ်ပြီးတော့မှ တိကျစွာပြဋ္ဌာန်းသတ်မှတ်ထားတဲ့နေရာမျိုးမဟုတ်တဲ့အတွက် ကျွန်တော့်ရဲ့ အဆိုပြု တင်ပြတဲ့ သိုလှောင်ခြင်းပြုသည့်နေရာဆိုသည် ပိုမိုတိကျပြီး ဥပဒေအရလည်း သုံးသင့်တဲ့စကားရပ် တင်ပြလိုပါတယ်။ ဓာတုပစ္စည်းများကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ အခဲအခြေအနေ၊ အရည် အခြေအနေ၊ အငွေ့အခြေအနေ စသဖြင့်သိရှိပြီးတော့ အန္တရာယ်ရှိပုံချင်းဓာတ်ပြုပေါက်ကွဲနိုင်မှု အခြေအနေများချင်းလည်းမတူညီကြပါဘူး။ သို့ပါ၍ ပြဋ္ဌာန်းချက်များနှင့်အညီ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း အမျိုးအစားပေါ် မူတည်၍ သတ်မှတ်နိုင်သည်လို့ ပြင်ဆင်အဆိုပြုလိုပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများဟာ စနစ်တကျကိုင်တွယ်သုံးစွဲပါက ကျွန်တော်တို့ လူ့လောက၊ အသိုင်းအဝိုင်းအတွက် ကောင်းကျိုးများစွာပြုသော်လည်းပဲ ပေါ့ဆစွာ၊ စည်းကမ်းမဲ့စွာ သိုလှောင်မှုများကြောင့် လူနှင့်ပတ်ဝန်းကျင်ကို ပေါက်ကွဲစေမှုတွေ၊ ယိုစိမ့်စေမှုတွေ၊ လောင်ကျွမ်းစေမှု တွေ၊ ဆုံးရှုံးစေမှုတွေဖြစ်နေကြတာကို ကမ္ဘာ့နိုင်ငံအများမှာ တွေ့မြင်နေကြရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ပိုမိုတိကျပြီး အန္တရာယ်မှတားဆီးကာကွယ်နိုင်ရန် ကျွန်တော်ရဲ့ ပြင်ဆင်အဆိုပြုချက်ဖြစ်သော ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ သိုလှောင်ခြင်းပြုမိနေရာတို့ကို လူနေရပ်ကွက်များ၊ အများပြည်သူ နှင့် သက်ဆိုင်သောနေရာများ၊ သမိုင်းဝင်အထိမ်းအမှတ်နေရာများ၊ ကျော်ကြားသောရှုမျှော်ခင်းများ၊ ဇီဝမျိုးခွဲထိန်းသိမ်းသောနေရာများ၊ ရေပေးဝေသောနေရာများမှာ အန္တရာယ်ကင်းဝေးသော အကွာ အဝေးဖြစ်စေရန် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း အမျိုးအစားအပေါ် မူတည်၍ သတ်မှတ်နိုင်သည်ဆိုသည့် ပြင်ဆင်ချက်အား လွှတ်တော်ကြီးမှ အတည် ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စက်မှုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုဖြစ်ပါတယ်။ အခုအစည်းအဝေးမှာ စက်မှုဝန်ကြီးဌာနမှ တာဝန်ယူရေးဆွဲခဲ့သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများအား အတည်ပြုချက်ထုတ်ပြန်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှေးဦးစွာတင်ပြလိုတာကတော့ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေမူကြမ်းကို ၂၀၀၉ ခုနှစ်ကတည်းက ဝန်ကြီး၁၁ဦးပါဝင်သော ဥပဒေမူကြမ်းရေးဆွဲပြုစုရေးအဖွဲ့နှင့် ဌာနဆိုင်ရာနှင့်ပြင်ပပညာရှင် စုစုပေါင်း ၃၈ ဦး ပါဝင်သော ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းကော်မတီဝင်မှ စတင်ရေးဆွဲခဲ့ပြီး ဖြစ်ပါတယ်။ ရေးဆွဲထားသည့်မူကြမ်းအား ပြည်ထောင်စုရှေ့နေချုပ်နှင့် နိုင်ငံတော်သမ္မတရဲ့ ဥပဒေအကြံပေးအဖွဲ့ရုံးတို့ရဲ့ သဘောထားမှတ်ချက်များရယူလျက် ပြန်လည်ပြင်ဆင်ဖြည့်စွက်ခဲ့ပါတယ်။ ၎င်းနောက်နိုင်ငံတော်သမ္မတရုံးသို့ ထပ်မံတင်ပြခဲ့ပြီး နိုင်ငံတော်သမ္မတရုံးရဲ့အတည်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပ.ထ.စ ဥပဒေအမှတ်(၂၈/၂၀၁၃) ဖြင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်နိုင်ရေးဥပဒေကို ၂၆-၈-၂၀၁၃ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ နည်းဥပဒေမူကြမ်းကို ၂၀၁၀ ခုနှစ်မှာ စတင်ရေးဆွဲပြုစုခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၄-၉-၂၀၁၃ ရက်နေ့မှာလည်းကောင်း၊ နိုင်ငံတော်သမ္မတရုံးသို့ ၂၉-၈-၂၀၁၄ ရက်နေ့တွင်လည်းကောင်း တင်ပြခဲ့ပြီး အကြံပြုချက်များအတိုင်း ပြန်လည်ပြင်ဆင်ခဲ့ပြီး ၅-၂-၂၀၁၅ ရက်နေ့ ရက်စွဲပါစာဖြင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခဲ့ပါတယ်။ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၏ အတည်ပြုချက်ရယူပြီးနောက် သမ္မတရုံး၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆက်လက်တင်ပြခဲ့ရာ သဘောတူညီခွင့်ပြုချက်ရရှိခဲ့သဖြင့် စက်မှုဝန်ကြီးဌာန၏ ၁၂-၁-၂၀၁၆ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၁၅-၂၀၁၆)ဖြင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ နည်းဥပဒေများ၊ လွှတ်တော်ကိုယ်စားလှယ်များမှ စိစစ်နိုင်ရန်အတွက် ၁၉-၁-၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ရုံးသို့

တင်ပြပေးပို့ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များထံမှာ ဖြန့်ဝေသည့် ၈-၂-၂၀၁၆ ရက်နေ့မှ ၈-၅-၂၀၁၆ ရက်ကြား ရက်ပေါင်း စုစုပေါင်း ၉၀ ကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးမှ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့်စပ်လျဉ်း၍ မူလဥပဒေပြဋ္ဌာန်းချက်အပေါ် ပြည်သူ့လွှတ်တော် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းမှ ပြင်ဆင်ဖြည့်စွက်ချက်နှင့် ပြင်ဆင်ချက် စုစုပေါင်း (၅)ချက်ကို ရက်ပေါင်း ၉၀ မပြည့်မီကာလအတွင်း ပြင်ဆင်ဖြည့်စွက်လိုကြောင်း ဥပဒေကြမ်းကော်မတီမှတစ်ဆင့် စက်မှုဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားချက်အရ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့အား ၁၂-၅-၂၀၁၆ ရက်နေ့တွင် လွှတ်တော်ဝင်းအတွင်းရှိ ဥပဒေကြမ်းကော်မတီဆောင်သို့ သွားရောက်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ဥပဒေကြမ်းကော်မတီဝင်များနှင့် အထက်ပါ ပြင်ဆင်ဖြည့်စွက်ချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသဘောတူညီခဲ့ပြီး ဖြစ်ပါတယ်။

ယခုအခါ ဥပဒေကြမ်းနည်းဥပဒေပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနအနေနဲ့ ဖွဲ့စည်းရမည့် ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းနိုင်ရေးကို သမ္မတရုံးသို့ တင်ပြရန် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့နောက် ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းပြီးပါက ယင်းအဖွဲ့ကို တာဝန်ယူ တာဝန်ခံ ဆောင်ရွက်ရမည့် ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဆက်လက်ဖွဲ့စည်းနိုင်ရေးအတွက် အမြန်ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းကဲ့သို့ ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ပြုလုပ်နေစဉ်ကာလအတွင်း ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းခြင်းအတွက် ထောက်ခံချက်ထုတ်ပေးခြင်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့ကိုယ်စား စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ လတ်တလောစိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ တင်ပြရှင်းလင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းပဏာပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ပြင်ဆင်ရန် တင်ပြချက်သည် ဥပဒေကြမ်းကော်မတီတွင် ညှိနှိုင်းသဘောတူချက်များကို ပြင်ဆင်ရန်တင်ပြခြင်းသာ ဖြစ်၍ ကန့်ကွက်ရန်မရှိဘဲ သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းက အမှတ်စဉ်(၁) ပြင်ဆင်ထားတဲ့အချက်ကို ရှင်းလင်း တင်ပြပြီး ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း ညှိနှိုင်း သဘောတူပြီးဖြစ်တယ်လို့ ဆိုပါတယ်။ ထို့အတူပဲ ဥပဒေကြမ်းကော်မတီကလည်း ဒါနဲ့ပတ်သက်လို့ ညှိနှိုင်းသဘောတူညီပြီးဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လို့ ဒီပြင်ဆင်ထားတဲ့အချက်နဲ့ ပတ်သက် ပြီး လွှတ်တော်ကိုယ်စားလှယ်းများက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဓာတု ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး အမှတ်စဉ်(၁)မှာပါတဲ့ ပြင်ဆက်ချက်ကို တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီးမျိုးထက်ဝင်း၏ ပြင်ဆင်ချက်အတိုင်း ဤနည်းဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ်(၂)ကို ပြင်ဆင်ဖို့ ဆက်လက်ပြီးတော့ တပ်မတော်သား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းကို ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေ ၁၃

နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းသွားမှာဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁ အမှတ်စဉ် ၂ ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်အနေနဲ့ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သောနေရာသတ်မှတ်ခြင်းနှင့် စည်းကမ်းချက်ထုတ်ပြန်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။ ဓာတုပစ္စည်းအမျိုးအစားအလိုက် စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ ဓာတ်ပျယ်စေခြင်း၊ စုပုံခြင်းနည်းလမ်းများကို သင်တန်းများပို့ချပေးခြင်း၊ စွန့်ပစ်ရန်နေရာများ သတ်မှတ်ခြင်း သို့မဟုတ် မဖျက်ဆီးဘဲ စနစ်တကျစုပုံရန်နေရာ သတ်မှတ်ပေးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်လို့ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပြင်ဆင်ရန်အဆိုပြုချက်ကတော့ နည်းဥပဒေ ၁၃ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းအမျိုးအစားအလိုက် (က) စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သောနေရာသတ်မှတ်ခြင်းနှင့် စည်းကမ်းချက်ထုတ်ပြန်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။ (ခ) စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ ဓာတ်ပျယ်စေခြင်း၊ စုပုံခြင်း နည်းလမ်းများကို သင်တန်းများ ပို့ချခြင်း၊ စွန့်ပစ်ရန် နေရာများ သတ်မှတ်ခြင်း သို့မဟုတ် မဖျက်ဆီးဘဲ စနစ်တကျစုပုံရန်နေရာ သတ်မှတ်ပေးခြင်းတို့ကို အန္တရာယ်ကင်းသော အကွာအဝေးဖြစ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အဖွဲ့အစည်း များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်လို့ ဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ အရ နည်းဥပဒေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဓာတု ပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ ကာကွယ်တားဆီးရေး ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဈ) တို့မှာ စွန့်ပစ်ရန်နေရာသတ်မှတ်ရန် ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဓာတုပစ္စည်းများဟာ အမျိုးအစား၊ ပုံသဏ္ဌာန်ကွဲပြားခြင်း၊ စွန့်ပစ်ပုံစွန့်ပစ်နည်းကွဲပြားခြင်း၊ အန္တရာယ်ပြုနိုင်မှုအခြေအနေ အမျိုးမျိုး ကွဲပြားရှိနေခြင်းတို့ကြောင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ရေးရာဆောင်(I-2)မှာ ဥပဒေကြမ်းကော်မတီနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနတို့ရဲ့ညှိနှိုင်းဆွေးနွေးချက်များအရ အမျိုးအစား အလိုက် အန္တရာယ်ကင်းသောအကွာအဝေးဖြစ်စေရန်တို့ကို ဖြည့်စွက်တင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ အခန်း(၃) ပုဒ်မ ၄ အရ ဗဟိုဦးစီးအဖွဲ့ကို ကျွန်တော်တို့ ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းပြီးမှသာ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ စစ်ဆေးရေးအဖွဲ့ စသဖြင့် အဖွဲ့များကိုဖွဲ့စည်းခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ မူဝါဒများချမှတ်ခြင်း စသည်တို့ကို အရေးယူဆောင်ရွက်ခြင်းတို့ကို လုပ်ရမှာဖြစ်ပါ

တယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီမှာ ညှိနှိုင်းဆွေးနွေးချက်အရ အခုချိန်အထိတော့ ဖွဲ့စည်းထားခြင်းမရှိသေးသော်လည်း ခုနက ပြည်ထောင်စုဝန်ကြီးတင်ပြသလိုပဲ ဖွဲ့စည်းရန်အတွက် လုပ်ဆောင်နေပြီလို့ ကျွန်တော်တို့သိရပါတယ်။ ဒါ့ကြောင့် ဗဟိုဦးစီးအဖွဲ့ကို မဖွဲ့စည်းနိုင်ခြင်းဟာ ကျွန်တော်တို့ စည်းကမ်းချက်တွေ မသတ်မှတ်နိုင်တဲ့အတွက် နိုင်ငံအတွင်းမှာ စက်ရုံတွေ၊ စက်မှုလုပ်ငန်းတွေ၊ လက်မှုလုပ်ငန်းတွေ၊ ဓာတုပစ္စည်းသုံးတဲ့လုပ်ငန်းတွေ။ အဲဒီကနေ ကျွန်တော်တို့ Waste တွေကို၊ စွန့်ပစ်ပစ္စည်းတွေကို စည်းမဲ့ကမ်းမဲ့စွန့်ပစ်မှုများကြောင့် လူနဲ့လူ့ပတ်ဝန်းကျင်ထိခိုက်မှုများ၊ တိရစ္ဆာန်များ သေကျေပျက်စီးရမှုများ၊ ပတ်ဝန်းကျင်ဂေဟစနစ် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားနေတာကို ကိုယ်စားလှယ်တော်ကြီးများ တွေ့နေ၊ မြင်နေ၊ ကြားနေရတာဖြစ်ပါတယ်။ သို့ပါ၍ ဝန်ကြီးဌာနအနေနဲ့ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရန်လိုအပ်ပါကြောင်း ထပ်မံ၍တင်ပြလိုပါတယ်။ ကျွန်တော့်ရဲ့ ပြင်ဆင်ချက်အဆိုဖြစ်တဲ့ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အမျိုးအစားအလိုက် (က) စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သောနေရာ သတ်မှတ်ခြင်းနှင့် စည်းကမ်းချက်ထုတ်ပြန်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။ (ခ) စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ ဓာတ်ပျယ်စေခြင်း၊ စုပုံခြင်း နည်းလမ်းများကို သင်တန်းများပို့ချပေးခြင်း၊ စွန့်ပစ်ရန်နေရာများ သတ်မှတ်ခြင်း သို့မဟုတ် မဖျက်ဆီးဘဲ စနစ်တကျစုပုံရန်နေရာ သတ်မှတ်ပေးခြင်းတို့ကို အန္တရာယ်ကင်းသော အကွာအဝေးဖြစ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများအား လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဆိုတဲ့ ပြင်ဆင်ချက်အဆိုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။ ပြောတဲ့အခါမှာ မူလပြဋ္ဌာန်းချက် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြင်ဆင်ချက်၊ တင်ပြချက် အဲဒီနှစ်ခုအပေါ်မှာ ညှိနှိုင်းပြီးပြီဆိုလို့ရှိရင်လည်း စက်မှုဝန်ကြီးဌာနရဲ့သဘောထားက ဘာလဲဆိုတာ တိုတိုနှင့်လိုရင်းလေးကို ရှင်းလင်းပေးပါ။

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု တင်ပြဆွေးနွေးသွားသော တပ်မတော်သားကိုယ်စားလှယ်ကြီးရဲ့အဆိုဟာ မှန်ကန်သင့်မြတ်မှုရှိပါတယ်။ ကျွန်တော် ကန့်ကွက်ရန်မရှိပါဘူးခင်ဗျား။ ကျွန်တော်တို့အနေနဲ့ တိုတိုလေးရှင်းပြရလို့ရှိရင်တော့ စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်တဲ့နည်းလမ်း အဓိကအားဖြင့်တော့ သုံးသွယ်ရှိပါတယ်။ အဲဒီ သုံးသွယ်မှာ တစ်ခုကတော့ စနစ်တကျ အခိုင်အမာတည်ဆောက်

ထားသော အမှိုက်ကန်မှာ စွန့်ပစ်တဲ့နည်း(Landfilling) ဖြစ်ပါတယ်ခင်ဗျား။ နောက် ဒုတိယ တစ်နည်းကတော့ အမှိုက်တွေကို မီးရှို့စက်ကြီးမှာ စုပုံပြီးတော့မီးရှို့တဲ့နည်းဖြစ်ပါတယ်ခင်ဗျား။ ဒီနည်း ကလည်း Incineration ခေါ်တဲ့နည်းဖြစ်ပါတယ်။ နောက်တစ်နည်းကတော့ မြေနိမ့်ပိုင်းမှာစွန့်ပစ်တဲ့ နည်း(Open Dumping) ဖြစ်ပါတယ်။ ဒီလိုနည်းတွေနဲ့ အသုံးပြုလျက်ရှိနေတဲ့နေရာမှာ ယခုအချိန် မှာတော့ (Open Dumping)ပဲ အလွယ်တကူပဲ သုံးနေကြပါတယ်။ ခုနက တပ်မတော်သား ကိုယ်စားလှယ်ကြီး တင်ပြရှင်းလင်းဆွေးနွေးတာ မှန်ကန်ပါတယ်။ အင်မတန်အန္တရာယ်များသော ဒီဓာတုပစ္စည်းများကို စနစ်တကျထိန်းသိမ်းသိုလှောင်ဖို့က အင်မတန်အရေးကြီးပါတယ်။ သို့မှသာလျှင် သဘာဝပတ်ဝန်းကျင်နှင့် လူသားတွေရဲ့ကျန်းမာရေးကို အကာအကွယ်ပြုနိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြလိုတာက ဘေးအန္တရာယ်ရှိတဲ့ စွန့်ပစ်ပစ္စည်း ဒါမှမဟုတ် ဘေးအန္တရာယ်ရှိတဲ့ပစ္စည်းတွေကို အများပြည်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင်မည့်နေရာတစ်ခုမှာ တစ်နည်းတစ်နည်း ထုတ်လုပ်ခြင်း၊ စေလွှတ်ခြင်း၊ စွန့်ပစ်ခြင်း၊ စုပုံခြင်းမပြုရဆိုတာ ပါထားပြီးဖြစ်ပါတယ်။ ဒီလိုပါထားပြီးသားအတိုင်း ကျွန်တော်တို့က ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေတွေကို ၅-၆-၂၀၁၄ ရက်နေ့မှာ ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်နေပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ၁၂-၁-၂၀၁၆ ရက်နေ့မှာ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။ အနည်းငယ်နောက်ကျပြီးဖြစ်လာတဲ့အတွက် ရှေ့မှာတင်ပြထားပြီးဖြစ်တဲ့ ကန့်သတ်ချက်များကို နောက်မှပြန်လည်ပြီး Follow up လိုက်ပြီးတော့ လိုက်လျောညီထွေရှိအောင် ပြုပြင်ဖို့ဖြစ်ပါတယ်။ သူ့ကို ပြန်လည်ပြင်ဆင်ရန်တော့ မသင့်ပါဘူး။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာက သိုလှောင်ရန်နေရာကို တိကျသောအကွာအဝေးမှာ ထည့်သွင်း ဖော်ပြရန် သင့်/မသင့်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ယခုလက်ရှိအနေအထားအရ သိုလှောင်လိုသော ဓာတုပစ္စည်းများသည် အမယ်အမျိုးမျိုး ကွဲပြားခြားနားနေတဲ့အတွက် တစ်မျိုးနှင့်တစ်မျိုး မတူနိုင် ပါဘူး။ နောက်ပြီးတော့ ထားရှိတဲ့နေရာက ပတ်ဝန်းကျင်၊ ဒေသအလိုက် လူထုနှင့်အကွာအဝေး၊ အနီးအဝေး မျိုးစုံကွာခြားနိုင်တာဖြစ်တဲ့အတွက် တိကျသောအကွာအဝေးကို တစ်သတ်မှတ်တည်း အသေဖော်ပြရန်တော့ မသင့်လျော်ပါဘူး။ ဒါကြောင့်မို့လို့ မူလပြဋ္ဌာန်းချက်အတိုင်းသာ ဖြစ်သင့် တယ်လို့ ဆွေးနွေးလိုပါတယ်။

နောက်တစ်ချက် အမှတ်စဉ် ၅ နည်းဥပဒေ ၁၃ မှာ စွန့်ပစ်နေရာကို တိကျသောအကွာအဝေး ထည့်သွင်းဖော်ပြရန်သင့်/မသင့်ဟု မူလပြဋ္ဌာန်းချက်အတိုင်း ဖော်ပြပြီးသားဖြစ်တဲ့အတွက် သင့်တင့်

မျှတသောနေရာဆိုတာကိုတော့ ကျွန်တော်တို့အားလုံး ခေတ်နှင့်အညီ တင်သွင်းလာသော ဓာတုပစ္စည်းများရဲ့ အနေအထား၊ ပတ်ဝန်းကျင်သဘာဝရဲ့ တကယ်ဖြစ်နိုင်တဲ့ လက်တွေ့ကျသော ပြုပြင်ဆောင်ရွက်မှုမျိုးကို ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနက ကူညီပြီးတော့ အားလုံးဖြေရှင်းဖို့ အဆင့်သင့်ဖြစ်နေပါပြီ။ လုပ်လည်းလုပ်ထားပြီးသားဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုတာက ဒီအတိအကျ မီတာ ၅၀၊ မီတာ ၁၀၀ အတိအကျဆုံးဖြတ်ဖို့အစား သင့်တင့်လျောက်ပတ်သောအတိုင်းအတာရှိသင့်သည်။ သူ၏ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိရန် ပါဝင်ရမည်လို့ပဲပြင်ဆင်သင့်ပါတယ်။ ရှေ့မှာအတည်ပြုထားပြီးသားဖြစ်တဲ့ ဥပဒေအတိုင်းပဲ လိုက်လျောညီထွေရှိအောင် ပြင်ဆင်သင့်တယ်လို့ ကျွန်တော် တင်ပြဆွေးနွေးလိုပါတယ်။ လေးစားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ရှင်းလင်းချက်ကို ကျွန်တော်ရှင်းရှင်းလင်းလင်းသိချင်ပါတယ်။ မူလပြင်ဆင်ချက်က ကျွန်တော် ဖတ်ပြပါမယ်။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သောနေရာသတ်မှတ်ခြင်းနှင့် စည်းကမ်းချက်ထုတ်ပြန်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။ ဓာတုပစ္စည်းများအမျိုးအစားအလိုက် စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ ဓာတ်ပျယ်စေခြင်း၊ စုပုံခြင်းနည်းလမ်းများကို သင်တန်းများပို့ချပေးခြင်း၊ စွန့်ပစ်ရန်နေရာများသတ်မှတ်ခြင်း သို့မဟုတ် မဖျက်ဆီးဘဲ နေရာတကျစုပုံရန်နေရာ သတ်မှတ်ပေးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဒါမူလပြင်ဆင်ချက်ပါ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းက ပြင်ဆင်ရန်တင်ပြချက်က ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းအမျိုးအစားအလိုက် (က) စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သောနေရာ သတ်မှတ်ခြင်းနှင့် စည်းကမ်းချက်ထုတ်ပြန်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။ (ခ) စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ ဓာတ်ပျယ်စေခြင်း၊ စုပုံခြင်းနည်းလမ်းများကို သင်တန်းများပို့ချပေးခြင်း၊ စွန့်ပစ်ရန်နေရာများသတ်မှတ်ခြင်း သို့မဟုတ် မဖျက်ဆီးဘဲ စနစ်တကျစုပုံရန်နေရာ သတ်မှတ်ပေးခြင်းတို့ကို အန္တရာယ်ကင်းသော အကွာအဝေးဖြစ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်လို့ ဒီလိုပြင်ဆင်ထားပါတယ်။ အဲဒီပြင်ဆင်ထားချက်အပေါ်မှာ ဝန်ကြီးဌာနအနေနဲ့ သဘောတူ/မတူ။ မူလအတိုင်းပဲထားချင်တာလား။ ဒီပြင်ဆင်ချက်ကိုပဲ အတည်ပြုဖို့ သဘောထားပေးမှာလား။ ရှင်းရှင်းလင်းလင်းပဲ သိချင်ပါတယ်။

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှင်းရှင်းလင်းလင်းတင်ပြခွင့်ပြုပါ။ တစ်ခုရှေ့မှာတင်ပြပြီးဖြစ်တဲ့ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို သိုလှောင်ခြင်းပြုသည့်နေရာတို့သည် လူနေရပ်ကွက်များ၊ ပြည်သူများနှင့်ဆိုင်သောနေရာများ၊ သမိုင်းဝင်အထိမ်းအမှတ်နေရာများ၊ ကျော်ကြားသောရှုမျှော်ခင်းများ၊ ဇီဝမျိုးကွဲထိန်းသိမ်းသောနေရာများ၊ ရေဝေရေလဲနေရာများ အန္တရာယ်ကင်းသောအကွာအဝေးဖြစ်စေရန် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အမျိုးအစားပေါ်မူတည်၍ သတ်မှတ်နိုင်သည်လို့ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီမှာ တင်ပြတဲ့အထဲမှာတော့ မီတာ ၅၀၊ မီတာ ၁၀၀ စသည်ဖြင့် အတိအကျဖော်ပြထားခြင်းမရှိခဲ့ပါဘူး။ မီတာ ၅၀၊ မီတာ ၁၀၀ ဆိုတာကလည်း ကျွန်တော်တို့ လက်ရှိအမြင်အားဖြင့် တင်ပြရရင်၊ ဆွေးနွေးရရင် မီတာ ၅၀၊ မီတာ ၁၀၀ သည် သိုလှောင်မယ့်ပစ္စည်းရဲ့ သဘာဝနဲ့ပတ်ဝန်းကျင်အနေအထားပေါ် အများကြီး တည်မှီနေပါတယ်။ အဲဒီတော့ ကိန်းဂဏန်းအားဖြင့် အတိအကျသတ်မှတ်ရမယ့်အစား ကျွန်တော့်အနေနဲ့ တစ်ဦးတည်းအမြင်တော့မဟုတ်ပါဘူးခင်ဗျား။ နိုင်ငံတကာမှာကျင့်သုံးတဲ့မူအရ သင့်တင့်လျောက်ပတ်သော အကွာအဝေးမှာ ရှိသင့်သည်လို့ပဲ ကျွန်တော် တင်ပြချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ဒီမှာ ကွာဟနေတာရှိပါတယ်။ ဘာလဲဆိုတော့ ဒီမှာလည်း မီတာ ၅၀၊ မီတာ ၁၀၀ သတ်မှတ်ထားတာ မူလပြဋ္ဌာန်းချက်မှာလည်းမရှိဘူး။ သို့သော် ဒီမှာကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြင်ထားတာကတော့ စုပုံရန်နေရာသတ်မှတ်ပေးခြင်းတို့ကို အန္တရာယ်ကင်းသောအကွာအဝေးဖြစ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့်ညှိနှိုင်းဆောင်ရွက်ရမည်လို့ ဒီလိုပဲပါပါတယ်။ မီတာ ၅၀၊ မီတာ ၁၀၀ နေရာမှာ တိတိကျကျသတ်မှတ်ပေးရမယ်လို့မဆိုလိုဘူး။ ဆိုလိုချင်တာက အန္တရာယ်ကင်းသော အကွာအဝေးဖြစ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်လို့ ဒီလိုပဲသတ်မှတ်ထားတယ်။ အဲဒါကို ဝန်ကြီးဌာနအနေနဲ့က တပ်မတော်သားကိုယ်စားလှယ် ပြင်ထားတဲ့ပြင်ဆင်ချက်အတိုင်းပဲ လက်ခံနိုင်လား။ မူလပြဋ္ဌာန်းချက်အတိုင်းပဲ ထားချင်သလား။ အရင်ဆုံး ကျွန်တော်မေးပါမယ်။ ခဏလေးပါ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း တင်ပြချက်ပေါ့လေ။ ပြင်ဆင်ရန်တင်ပြချက်ဟာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနဲ့ အဲဒီအချိန်

တုန်းက ကျွန်တော်တို့ ညှိနှိုင်းတဲ့အခါမှာ စက်မှုဝန်ကြီးဌာနလည်းပါပါတယ်။ စက်မှုဝန်ကြီးဌာနပါသလို ရှေ့နေချုပ်ရုံးကလည်းပါပါတယ်။ ရှေ့နေချုပ်ရုံးကလည်းပါတယ်။ နောက်တစ်ခါ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်လည်း ပါပါတယ်။ ဒီကိစ္စများကို ကျွန်တော်တို့က သေသေချာချာ တိုင်ပင်ညှိနှိုင်းပြီးတော့ ရယူထားတဲ့သဘောတူညီချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းတင်ပြချက်ကို ကျွန်တော့်အနေနဲ့ ကန့်ကွက်ရန်မရှိပါဘူး။ ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ပြင်ဆင်တဲ့အချက်ကို ဥပဒေကြမ်းကော်မတီက ခုနကရှင်းတဲ့အထဲမှာ စက်မှုဝန်ကြီးဌာနလည်းပါတယ်။ ရှေ့နေချုပ်ရုံးလည်း ပါတယ်။ ကျန်တဲ့ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်လည်း ပါတယ်။ ဥပဒေကြမ်းလည်းပါတယ်။ သဘောတူပြီးပြီလို့ပြောပါတယ်။ ဒါကြောင့်မို့လို့ အဲဒီပြင်ဆင်ချက်ကို ဝန်ကြီးဌာနရဲ့သဘောက သဘောတူနိုင်သလား။ မတူနိုင်သလား။ ပွင့်ပွင့်လင်းလင်း၊ ရှင်းရှင်းလင်းလင်းပဲ ပြောပေးပါ။

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု တင်ပြဆွေးနွေးချက်တွေကို အင်မတန် လေးစားစွာ ကျွန်တော် လက်ခံပါတယ်။ ယခင်က သဘောတူညီချက်ရှိပြီးသားဖြစ်နေပြီဆိုရင်တော့ ကျွန်တော့်ဘက်ကတော့ အထူးပြုပြီးတော့ ကန့်ကွက်ရန်အကြောင်း မရှိပါဘူးခင်ဗျား။ သဘောတူပါတယ်။ ကျွန်တော် ခုနကတင်ပြဆွေးနွေးခဲ့ခြင်းကတော့ နိုင်ငံတကာစံနဲ့တော့ အနည်းငယ်ကွာနေပါတယ်။ ဒါကိုတော့ အခုချိန်မှာ နိုင်ငံတော်မှာ အရေးကြီးတဲ့အချိန်ရောက်နေတဲ့အတွက် ဒါကိုငဲ့ညှာသောအားဖြင့် နိုင်ငံတကာစံချိန်အစား ပြည်တွင်းမှာပဲ လက်တွေ့ကျကျ လူထုအကာအကွယ်ပေးနိုင်တဲ့ မူတစ်ခုချဖို့က အရေးကြီးမှန်း ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျား။ အဲဒါကြောင့် ကျွန်တော် အခုနက တင်ပြချက်အတိုင်းပဲ ကျွန်တော် လက်ခံပါတယ်ခင်ဗျား။ မီတာ ၅၀၊ ၁၀၀ ကို လက်ခံလိုက်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး တပ်မတော်သားပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းရဲ့ အမှတ်စဉ် ၂ ပါ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများနှင့်စပ်လျဉ်းပြီး တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၏ အမှတ်စဉ် ၂ ပါ ပြင်ဆင်ချက်များအတိုင်း ဤနည်းဥပဒေများ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများနှင့်စပ်လျဉ်းပြီး တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းက အမှတ်စဉ် ၃ ပြင်ဆင်ချက်ကို တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေ အခန်း(၁၃) နည်းဥပဒေ ၅၉ နည်းဥပဒေခွဲ(ည)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂ အမှတ်စဉ်(၃) ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်အနေနဲ့ကတော့ ကန့်သတ်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းသယ်ယူပို့ဆောင်ရာတွင် အများပြည်သူသုံးယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းမပြုရ။ လုပ်ငန်းလိုအပ်ချက်အရ သီးသန့်ယာဉ်များဖြင့်သာ သယ်ယူပို့ဆောင်ရမည်လို့ ဖြစ်ပါတယ်။ ကျွန်တော် ပြင်ဆင်ရန် အဆိုပြုတင်ပြချက်ကတော့ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းသယ်ယူပို့ဆောင်ရာတွင် အများပြည်သူသုံးယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းမပြုရ။ လုပ်ငန်းလိုအပ်ချက်အရ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူနိုင်သော သီးသန့်ယာဉ်များဖြင့်သာ သယ်ယူပို့ဆောင်ရမည်လို့ ဖြစ်ပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ တင်ပြရရင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ် တားဆီးကာကွယ်ရေးဥပဒေ အခန်း(၁၃) သယ်ယူပို့ဆောင်ရာတွင် လိုက်နာရမည့်အချက်များ နည်းဥပဒေ ၅၉ နည်းဥပဒေခွဲ(ည)အရ လုပ်ငန်းလိုအပ်ချက်အရ သီးသန့်ယာဉ်များဖြင့်သာ ဆိုတာ

ဟာ မည်သည့်ယာဉ်ပုံစံမျိုး အမျိုးအစားမျိုးဆိုပြီးတော့မှ သတ်မှတ်ချက် ကျွန်တော်တို့ မတွေ့ရပါဘူး။ ကြုံတဲ့ယာဉ်နဲ့သယ်ရင် အင်မတန်အန္တရာယ်များပါတယ်။ ဒါကြောင့်မို့လို့ တိတိကျကျ သတ်မှတ်ပေးဖို့ လိုပါတယ်။ တိတိကျကျသတ်မှတ်တဲ့အခါမှာလည်း ဓာတုဗေဒ ဓာတုပစ္စည်းဆိုင်ရာပစ္စည်းများဟာ အခြေအနေအမျိုးမျိုး၊ နည်းပညာပိုင်းဆိုင်ရာအမျိုးမျိုး၊ ပညာရပ်ပိုင်းဆိုင်ရာအမျိုးမျိုး၊ Treatment အမျိုးမျိုးနဲ့ သွားရောက် သယ်ရ၊ ပြုရ၊ လုပ်ရတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ တရားသေ သတ်မှတ်မယ်ဆိုပါက Rigid ဖြစ်နိုင်တဲ့အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အနေနဲ့ လုပ်ငန်းလိုအပ်ချက်အရ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်နိုင်သော သီးသန့်ယာဉ်များဖြင့်သာ သယ်ယူပို့ဆောင်ရမည်ဟု ဆိုတဲ့ ကျွန်တော့်ရဲ့ ပြင်ဆင်ချက် အဆိုအား ပြည်သူ့လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ကျွန်တော်ကလည်း အခုနက တင်ပြသွားတဲ့အတိုင်းပါပဲခင်ဗျား။ သီးသန့်ယာဉ်ဆိုတဲ့ ဝေါဟာရကို အခုနက တင်ပြဆွေးနွေးတဲ့ အတိုင်း တိကျတဲ့သတ်မှတ်ချက်တွေ မပါသေးခင်စပ်ကြား ယခု ဆွေးနွေးချက်အတိုင်း နောက်ဆက်တွဲ (ခ)မှာဖော်ပြထားတဲ့ ဓာတုဆက်စပ်ပစ္စည်းများ အန္တရာယ်ကို အမျိုးအစားအလိုက် အမှတ်တံဆိပ်တွေ၊ သယ်ယူ ပို့ဆောင်ရေးယာဉ်မှာ၊ ကုန်သေတ္တာမှာ အသုံးပြုပြီးတော့ ဖော်ပြမည်ဆိုတာကို ဖော်ပြပြီးတော့ သက်ဆိုင်သော၊ သင့်လျော်သော မော်တော်ယာဉ်ပေါ်မှာ တင်ခွင့်ပြုတာမို့ ကျွန်တော်တို့ ထောက်ခံပါ တယ်ခင်ဗျား။ ကန့်ကွက်ရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ပြင်ဆင်ရန် တင်ပြချက်များဟာ ဥပဒေကြမ်းကော်မတီတွင် ညှိနှိုင်းသဘောတူချက်များကို ပြင်ဆင်ရန် တင်ပြခြင်းသာဖြစ်ပါ၍ ကန့်ကွက်ရန်မရှိ သဘောတူညီကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး အမှတ်စဉ်(၃)မှ ပြင်ဆင်ချက်ကို

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းက ပြင်ဆင်ထားပါတယ်။ ယင်းပြင်ဆင်ချက်နှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနကရော၊ ဥပဒေကြမ်းကော်မတီကရော သဘောတူပါတယ်။ ဒါကြောင့် ဒီပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အပိုဒ် ၃ သည် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း၏ ပြင်ဆင်ချက်များအတိုင်း ဤနည်းဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများနှင့်စပ်လျဉ်းပြီး အမှတ်စဉ် ၄ ပါ ပြင်ဆင်ချက်ကို တင်သွင်းဖို့ ဥပဒေကြမ်းကော်မတီ အား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ နောင်ချိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဟာ ၁၂-၅-၂၀၁၆ ရက်နေ့တွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေ၏ ပြင်ဆင်ချက်အဆို တင်သွင်းသူများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ ဦးနေမျိုးထက် (ကျောက်တံတားမဲဆန္ဒနယ်)တို့နှင့်အတူ ပြည်ထောင်စု ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်စေလျက် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ညှိနှိုင်းရရှိချက်နှင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို ဖြန့်ဝေထားသည့်ကန့်လန့်ဖြတ်ဇယားတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ ယင်းဇယားတွင် စာမျက်နှာ ၂ အမှတ်စဉ် ၄ နည်းဥပဒေ ၆၅ ခြေဆင်းပိုင်းကို ပိုမိုပြည့်စုံစေရန်အတွက် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ဖြည့်စွက်ခြင်းဖြစ်ပါသည်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီမှ ဦးဆောင် ညှိနှိုင်းအစည်းအဝေးကျင်းပရာမှ ရရှိလာသော သဘောတူဆုံးဖြတ်ချက်များဖြစ်သည့် အပိုဒ် ၄ နည်းဥပဒေ ၆၅ ခြေဆင်းပိုင်း ဖြည့်စွက်ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင် ထားတဲ့ ပြင်ဆင်ချက် (၁)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဓာတု ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤနည်းဥပဒေများ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင် အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း တစ်ပါးတည်း အတည်ပြု ချက် ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေးနည်းဥပဒေများ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ခာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**